ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့ (10-3-2013) (၇၄၂၀)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျ ဓနသဟာယနိုင်ငံများသို့ တရားဝင်ချစ်ကြည်ရေးခရီးများ သွားရောက်မည်

**နေပြည်တော် မတ် ၁၀**

နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျွန်ကီးနှင့် ဩစတြေးလျ ဓနသဟာယနိုင်ငံဘုရင်ခံချုပ် မစ္စ ကွင်တင်း ဘရိုက်စ်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျ ဓနသဟာယနိုင်ငံများသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီးများ သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# နွေရာသီကာလတွင် မီးပြတ်တောက်မှုမရှိစေရေးအတွက် သိုလှောင်ရရှိထားသော ရေပမာဏကို စနစ်တကျသုံးစွဲ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ လည်ပတ်ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိ

**နေပြည်တော် မတ် ၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မတ်လအတွင်းကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲအတွက် မတ် ၁ ရက်မှစတင်ပြီး နေ့စဉ်ညနေ ၅ နာရီမှ နောက်တစ်နေ့နံနက် ၅ နာရီအထိ ပြည်သူလူထု လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိအောင် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိလည်ပတ်လျက်ရှိသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်များအပြင် ဓာတ်အားပေးစက်ခြောက်လုံးကို ထပ်မံလည်ပတ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများအား ဟန်ချက်ညီမောင်းနှင် ဓာတ်အားထုတ်လုပ်၍ ပြည်သူလူထုအား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၌ ယခုနှစ်အတွင်း သိုလှောင်ရရှိထားသော ရေပမာဏကို စနစ်တကျသုံးစွဲ၍ ဓာတ်အားပေးစက်များလည်ပတ်ပြီး ဓာတ်အားထုတ်လုပ်ကာ နွေရာသီကာလတစ်လျှောက် ပြည်သူလူထု ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အလေးထား ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဓာတ်အားပြတ်တောက်မှုမရှိအောင် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများရှိ စက်များကြံ့ခိုင်ကောင်းမွန်ပြီး လျှပ်စစ်ဓာတ်အားကိုပြည့်ဝစွာ လည်ပတ်ထုတ်လုပ်နိုင်ရေးသည် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းလိုက်ပါလျက် မတ် ၈ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့၏ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်တွင် စက်တပ်ဆင် အင်အား(၃၀)မဂ္ဂါဝပ်မှ **စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖**



# ဓားမဦးချတောင်သူများ စက်မှုလယ်ယာစိတ်ဝင်စား



**ယင်းမာပင် မတ် ၉**

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေချိန်တွင် မိရိုးဖလာတောင်သူများအနေဖြင့် စက်ပစ္စည်း ကိုင်တွယ်ထိန်းသိမ်းသည့်အပိုင်းကို စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် တောင်သူများအား အခမဲ့ကူညီပေးနေသည့်အပြင် လက်တွန်းထွန်စက်များနှင့် အခြားလယ်ယာသုံး စက်ကိရိယာများကို လက်ငင်း သို့မဟုတ် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသောကြောင့် တောင်သူများ အဆင်ပြေလျက်ရှိသည်။

မုံရွာခရိုင် ယင်းမာပင်မြို့ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၏ ပြောကြားချက်အရ ယခုနှစ်တွင် တောင်သူများက စက်ပစ္စည်းအသုံးပြုခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများကို သိရှိကာ စိတ်ဝင်စားစွာဖြင့် ဝယ်ယူအားပေးကြသောကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်လျာထားချက်အရ သတ်မှတ်အစီးရေထက် ၃၀ ကျော် ပိုမိုရောင်းချရကြောင်း သိရသည်။

စက်ပစ္စည်းသုံးစွဲလျက်ရှိသော တောင်သူများမှတစ်ဆင့် စက်ပစ္စည်းကို အသုံးပြုသည့်အတွက် ယခင်မိရိုးဖလာ လုပ်နည်းလုပ်ဟန်များထက် အချိန်ကုန်သက်သာခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ လုပ်သားရှားပါးသည့် အခက်အခဲများ အလွယ်တကူကျော်လွှားနိုင်ခြင်း၊ သီးနှံအထွက်နှုန်း ပိုမိုခြင်း စသည့် အကျိုးကျေးဇူးများကြောင့် တောင်သူများအနေဖြင့် မိရိုးဖလာ ဓားမဦးချ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပိုမိုစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် တောင်သူများအတွက် တောင်သူပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ် လက်တွေ့ကွင်းဆင်းဆောင်ရွက်ပေးသည့်အပြင် စက်ပစ္စည်းပြပွဲများကိုလည်း ပြသပေးခြင်း၊ နွေ၊ မိုး၊ ဆောင်းသီးနှံများကို ဌာနရှိ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စမ်းသပ်ရိတ်သိမ်းပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းကိုကို (ယင်းမာပင်)**



ကြေးမုံ စာတည်းရှုထောင့် — ၁၀-၃-၂၀၁၃၊ တနင်္ဂနွေနေ့

# ခရမ်းလွန်ရောင်ခြည်

မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အရ ပူသောအပိုင်းသည် အေးသောအပိုင်းထက် များစွာကျယ်ပြန့်သောကြောင့် မြန်မာနိုင်ငံကို ယေဘုယျအားဖြင့် ပူအိုက်သော နိုင်ငံတစ်နိုင်ငံဟု ပြောဆိုလေ့ရှိပါသည်။

ယနေ့ကာလမှာ နွေဦးကာလ တပေါင်း၊ တန်ခူး အချိန်အခါဖြစ်သော်လည်း ယခုနွေဦးသည် ယခင်နှင့်မတူ တစ်မူထူးကဲ၍ ပူပြင်းလှသည့် နွေကာလဟု ဆိုကြပါသည်။ နွေဦးကာလ၌မျှပူလျှင် နွေလယ်ကာလ မည်မျှပူမည်ကို မှန်းဆကြည့်နိုင်ပါသည်။

အမှန်တကယ်တွင် အပူအအေးအခြေအနေသည် အီကွေတာ ဗဟိုစက်ဝန်းအကွာအဝေးပေါ်တွင် တည်မှီနေသည်မဟုတ်ချေ။ သဘာဝပတ်ဝန်းကျင်နှင့် လေထုအပေါ်တွင် တည်မှီသောကြောင့် သဘာဝတောများလျော့နည်းခြင်းနှင့် ဂေဟစနစ်ပျက်ယွင်းခြင်းတို့ကြောင့် အပူချိန်မြင့်တက်လာခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အပူအအေးအခြေအနေကို ပြန်လည်လေ့လာကြည့်လျှင် လွတ်လပ်ရေးမရမီကာလက နွေလယ်ပျမ်းမျှအပူချိန်မှာ ရန်ကုန်တွင် ၈၀ ဒသမ ၅၊ မန္တလေးတွင် ၈၅ ဒသမ ၃၊ တောင်ကြီးတွင် ၇၀ ဒသမ ၂ ဒီဂရီ ဖာရင်ဟိုက် အသီးသီးရှိခဲ့သော်လည်း ယခုနွေဦးကာလတွင်ပင် ရန်ကုန်၌ ၁၀၂၊ မန္တလေး၌ ၁၀၂၊ တောင်ကြီး၌ ၈၄ ဒီဂရီဖာရင်ဟိုက် အသီးသီး ရှိသည်ကိုတွေ့ရှိ၍ မြန်မာနိုင်ငံ၏ အပူချိန်သည် နှစ်ပေါင်း ၆၀ ကျော်အတွင်း မည်မျှကွာခြားသွားသည်ကို မြင်တွေ့နိုင်ပါသည်။

နွေလယ်ကာလတွင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများနှင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် အပူချိန်ဒီဂရီ ၁၁၀ ဖာရင်ဟိုက်အထက်တွင် တည်ရှိတတ်သောကြောင့် ရှေးမြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အပူချိန်ထက် ဖာရင်ဟိုက် ၃၀ ကျော်ပိုမိုလာသည်ကို တွေ့ရပေရာ တုန်လှုပ်ဖွယ်ရာ အပူချိန်အတွက် လူတို့အနေဖြင့် သတိပြုဆင်ခြင်နေထိုင်သင့်လှပေသည်။

ယခုရက်ပိုင်းတွင် အချို့ဒေသများ၌ မိုးလေးတစ်ဖြိုက်ကျရောက်လာသည်ကိုတွေ့ရ၍ အတန်ငယ်စိတ်သက်သာရာရသော်လည်း နွေဦးကာလပင်ရှိသေး၍ အပူဒဏ်ကိုကာကွယ်နိုင်ရန် အထူးသတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ တပေါင်းတန်ခူး မိုးသားကျူးတတ်ပြီး တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်မည်ကိုလည်း သတိမူသင့်ပေသည်။

ယခုကဲ့သို့ အပူရှိန်လွန်ကဲမှုကာလတွင် အထူးသတိပြုရမည်မှာ နေရောင်ခြည်အပူရှိန်နှင့် အတူတွဲဖြစ်ပေါ်သည့် ခရမ်းလွန်ရောင်ခြည်လွန်ကဲနေမှုကို သတိထားရမည်ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် လိုသည်ထက်ပိုများလာလျှင် လူတို့၏ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် သတိပြုရခြင်းဖြစ်သည်။

အထူးသဖြင့် ယခုကာလ နေ့စဉ်အပူချိန်အမြင့်ဆုံးအချိန်ဖြစ်သည့် မွန်းတည့်ချိန်တွင် သတိထားရမည်ဖြစ်သည်။ မတတ်သာ၍ အပြင်ထွက်ရလျှင်လည်း အကာအကွယ်အရိပ်ရှာသွားကြရန်နှင့် အကာအကွယ်မပါဘဲ နေပူထဲသို့မထွက်ကြရန် တိုက်တွန်းအပ်ပါသည်။

ခရမ်းလွန်ကျရောက်မှုသည် အပူချိန်ပြင်းထန်ခြင်းကြောင့်ဖြစ်ပြီး ယခုနှစ် ဖေဖော်ဝါရီနှောင်းပိုင်းမှစ၍ ယနေ့ကာလအထိ မြန်မာပြည်တောင်ပိုင်းမှစတင်ကာ ယခုမြန်မာပြည်အလယ်ပိုင်းအထိ ပျံ့နှံ့နေ၍ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် လူတို့ကိုအန္တရာယ်မပြုသည့် အဆင့်ထက်ကျော်လွန်နေသည်မှာ အမှန်ဖြစ်သည်။

ခရမ်းလွန်ရောင်ခြည်သည် လူတို့ကိုအကျိုးပြုစေသည့် ဗီတာမင်ဒီဓာတ်ပါဝင်သော်လည်း အပူလွန်ကဲစွာဖြစ်ပေါ်သောအခါ အန္တရာယ်ဖြစ်စေပေသည်။ အဓိကအားဖြင့် အရေပြားကင်ဆာရောဂါကဲ့သို့ အရေပြားလောင်ခြင်း၊ ခြောက်သွေ့အိုမင်းအရွယ်ကျခြင်း၊ ချွေးထွက်လွန်၍ အားအင်ကုန်ခန်းခြင်း၊ မျက်စိတိမ်စွဲခြင်း၊ သားသမီးမရနိုင်ခြင်းတို့ဖြစ်စေပြီး အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် သွေးတိုး၊ နှလုံးရောဂါရှိသူများ သတိထားရမည်ဖြစ်သည်။

ကာကွယ်ရန်အတွက် ထီး၊ ဦးထုပ်ဆောင်းခြင်း၊ နေ့လယ်ခင်းရေမချိုးခြင်း၊ နေ့လယ်ခင်း အရက်သေစာ မသောက်စားခြင်း၊ အဝတ်အစားလက်ရှည်၊ နေရောင်ကာမျက်မှန်တို့ကို အသုံးပြုခြင်းတို့ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်လွန်ကဲလာခြင်းသည် သဘာဝတောများ ပျက်စီးခြင်းနှင့် မြို့ပြစက်မှုထွန်းကားလာခြင်းတို့နှင့်အတူ ရုပ်ကြွင်းလောင်စာသုံးစွဲမှုများပြားလာသောအခါ နေမှခရမ်းလွန်ရောင်ခြည်ကိုစစ်ယူသည့် ကမ္ဘာ့အကာအကွယ် အိုဇုန်းလွှာပေါက်ပြဲလာသောကြောင့် ဖြစ်သည်။

ထို့ကြောင့် အထက်တွင်ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံ၏ အပူရှိန်တစ်နေ့တခြားမြင့်မားလာသည့် အခြေအနေကို လူတိုင်းက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရန်နှင့် လက်ရှိကြုံတွေ့နေရမှုအတွက်လည်း သတိထားဆင်ခြင် ရှောင်ကြဉ်ကြရန် ဖြစ်ပါသည်။ ။

# မြန်မာဆန်စက်နှင့်လယ်ယာထွက်ကုန်တန်ဖိုးမြှင့်စက်ကိရိယာပြပွဲ-၂၀၁၃ ကျင်းပပြီးစီးခြင်းအထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် မတ် ၉**

မြန်မာဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ-၂၀၁၃ (Myanmar Agro Tech Expo 2013 )အား မတ် ၂ရက်မှ ၅ ရက်အထိကျင်းပခဲ့ရာ ပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို မတ် ၅ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ် (MRF)၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)နှင့် အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ ပြခန်းခင်းကျင်းပြသသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြပွဲကာလအတွင်း အိန္ဒိယနိုင်ငံ Induss ကုမ္ပဏီထုတ် တန် ၅၀ ကျ ပေါင်းစပါး ပြုလုပ်သည့် Parboiled Plant ရှစ်လုံးအား ဒေသခံဆန်စက်လုပ်ငန်းရှင်များမှ ဝယ်ယူစာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲကို ဦးစွာကျင်းပခဲ့သည်။ ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် MAPCO အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်တို့က ကျေးဇူးတင်စကားပြောကြားကြပြီး လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသ ဆန်စပါးလုပ်ငန်းကို ဖော်ကျူးဂုဏ်ပြုသော ဓာတ်ပုံပြိုင်ပွဲနှင့် အကောင်းဆုံးသတင်းဆောင်းပါးစာပေဆုများအတွက် ဆုများချီးမြှင့်သည်။ ယင်းနောက် ပြပွဲတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော အသင်းအဖွဲ့နှင့် ဌာနဆိုင်ရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေခြင်းများဆောင်ရွက်ပြီး ပြခန်းများခင်းကျင်းပြသသည့် ကုမ္ပဏီများကိုယ်စား Taiwan Co. က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပြပွဲတွင် ပြည်ပနိုင်ငံပေါင်း ကိုးနိုင်ငံ အပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီပေါင်း ၈၀ မှ ပြခန်းပေါင်း ၁၈၅ ခန်းဖြင့် ခင်းကျင်းပြသခဲ့ကြသည်။ ပြပွဲကာလအတွင်း စက်ပစ္စည်းရောင်းချရမှုတန်ဖိုးမှာ ငွေကျပ် ၃၆၆ ဒသမ ၅၁ သန်းနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၅ သန်း ဖြစ်ပြီး ရောင်းချခဲ့သည့် စက်ယူနစ်ပစ္စည်းများမှာ တန် ၅၀ ကျ စပါးပေါင်းစက်ရှစ်လုံး၊ တန် ၅၀ ကျ ဆန်စက်တစ်လုံး၊ တန် ၂၀ ကျ ဆန်စက်တစ်လုံး၊ ၁ နာရီရေနွေးငွေ့ လေးတန်ဘွိုင်လာတစ်လုံး၊ Color Sorter ၁၅ လုံး၊ လယ်ထွန်စက်သုံးစီး၊ Combine harvester တစ်စီး၊ လယ်ယာသုံးကိရိယာသုံးခုတို့ဖြစ်ကာ စက်ပစ္စည်းများဝယ်ယူရန် လေ့လာညှိနှိုင်းမှုများစွာရှိကြောင်းလည်း သိရှိရသည်။ **(သတင်းစဉ်)**

## ရောထွေးနေသော အချိန်နာရီ

**(တက္ကသိုလ်ဆရာတစ်ဦး)**

အခမ်းအနားများ၊ အစည်းအဝေးများ ကျင်းပမည့်အချိန်ကို ဖော်ပြရာ၌ နံနက်၊ မွန်းလွဲ၊ ညနေနှင့် ည ဟူ၍ ခွဲခြားဖော်ပြလေ့ရှိကြပါသည်။ ဥပမာ-နံနက် ၁၀ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ညနေ ၄ နာရီမိနစ် ၃၀၊ ည ၇ နာရီ မိနစ် ၃၀ နာရီ ဟူ၍ ဖြစ်ပါသည်။ သို့ရာတွင် ယခုအခါ အချို့က မွန်းတည့် ၁၂ ကျော်လျှင် ၁၂ နာရီပေါင်းထည့်သည့်နည်း (ဥပမာ-မွန်းလွဲ ၂ နာရီကို ၁၄ နာရီ၊ ည ၇ နာရီကို ၁၉ နာရီ) ဖြင့် ရောထွေးပြီး မွန်းလွဲ ၁ နာရီကိုမွန်းလွဲ ၁၃ နာရီဟုလည်းကောင်း၊ ညနေ ၄ နာရီမိနစ် ၃၀ ကို ညနေ ၁၆ နာရီမိနစ် ၃၀ ဟုလည်းကောင်း မှားယွင်း၍ ဖော်ပြနေကြသည်ကို မကြာခဏ တွေ့ရှိရပါသည်။ မိမိတို့ ရေးရိုးရေးစဉ်အတိုင်း ၁၂ နာရီ ပေါင်းမထည့်ဘဲ နံနက်၊ မွန်းလွဲ၊ ညနေနှင့် ညဟုသာ ကွဲကွဲပြားပြား ဖော်ပြသင့်ပါသည်။




## အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေးနှီးနှောဖလှယ်ပွဲကျင်းပ

**ရန်ကုန် မတ် ၉**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များသည် မြို့နယ်အတွင်း အလုပ်ရှင်၊ အလုပ်သမားတို့အကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို တရားမျှတစွာ ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်ခြင်းဖြင့် မိမိအဖွဲ့အစည်း၏ ဂုဏ်သိက္ခာများကို စောင့်ထိန်းရာ ရောက်စေပြီး အလုပ်သမားတို့၏ ရပိုင်ခွင့်များကို ရရှိခံစားစေခြင်းဖြင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာရောက်ခြင်း၊ အလုပ်ရှင်အနေဖြင့်လည်း ဥပဒေနှင့်အညီ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံသားပီသခြင်း၊ ဂုဏ်သိက္ခာရှိခြင်းများကို ရရှိစေပြီး အလုပ်သမားအပေါင်းတို့၏ လေးစားမှုကို ခံယူရရှိပြီး မိမိပိုင် ကုန်ထုတ်လုပ်ငန်းများ၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားမှုကို ပိုင်ဆိုင်မှုရရှိလာစေမည် ဖြစ်ကြောင်း သိရှိနားလည်ကြစေရန် ရည်ရွယ်၍ ကျင်းပသည့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် လှိုင်သာယာစက်မှုဇုန်ရှိ လက်ဝါးအထည်ချုပ်စက်ရုံ၊ SMK အထည်ချုပ်စက်ရုံ၊ ထွန်းဖိနပ်စက်ရုံနှင့် ရွှေယမုံ ငါးအအေးခန်းစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဉ္စမအကြိမ် ဖုဒ္ဓပူဇနီယပွဲတော်
ဈေးပွဲတော် ၊ ကုန်စည်ပြပွဲ
(၁၈-၃-၂၀၁၃) မှ (၂၇-၃-၂၀၁၃) ထိ
ဥပ္ပါတသန္တိစေတီတော် ပွဲတော်ကျင်းပရာကွင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ပြခန်းစုံစမ်းရန် ဗိုင်အောင်ကုမ္ပဏီလီမိတက်
01-398515, 09 7310 0807, 09 4210 13316, 09 4210 13317, 09 4210 13318, 09 49300702, 09 4210 13319, 09 4211 52877, 09 4211 22478

**ပြည်တွင်းရေးရာ**

# စာကောင်းပေမွန်များ ပိုမိုပေါ်ထွက်လာသည်နှင့်အမျှ စာပေအဆိပ်အတောက်လျော့ပါး

ရန်ကုန် မတ် ၉

**ကမ္ဘာတစ်ဝန်းနှင့် ဆက်သွယ်မှုများကို စာပေကပင် ပေးစွမ်းနိုင်ပါကြောင်း၊ လောကဓာတ်ကြီးတစ်ခုလုံး မှောင်မည်းနေမည်ဆိုပါကလည်း စာပေသည် ချစ်စဖွယ် အလင်းတန်းလေးတစ်ခုအဖြစ် မိမိတို့ကို မျှော်လင့်ချက်ပေးစွမ်းနေမည်သာ ဖြစ်ပါကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပသည့် သတ္တမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၂) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ အလွန်ရှည်လျားသည့် စာပေခရီးစဉ်ကို မိမိတို့ လျှောက်လှမ်းခဲ့ရသကဲ့သို့ အနာဂတ်တွင်လည်း စာအုပ်စာပေများနှင့် မကင်းကွာဘဲ ဆက်လက် လျှောက်လှမ်းသွားနေရဦးမည်ဖြစ်ပါကြောင်း၊ စာပေသည် မိမိတို့အတွက် အသိပညာ၊ အတတ်ပညာများကို ပေးပါကြောင်း၊ အခက်အခဲများ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အခါတွင်လည်း စာပေသည် ခွန်အားသတ္တိနှင့် ယုံကြည်မှုကို ပေးပါကြောင်း၊ အလုပ်အကိုင်များ များပြား၍ ပင်ပန်းနွမ်းနယ်ချိန်တွင် ပေ့ါပါးလန်းဆန်းသွားစေပါကြောင်း။

မိမိတို့သည် အသက်(၆၀)ကျော်၊ (၇၀)ဝန်းကျင် အရွယ်ရှိသူများဖြစ်ကြပြီး ၁၉ ရာစု စာရေးဆရာကြီးများဖြစ်ကြသည့် မှော်ဘီဆရာသိန်း၊ ဂျိမ်းစ်လှကျော်၊ ဆရာတော်ဦးဥတ္တမ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာကြီးပီမိုးနင်း၊ ဦးဖေမောင်တင်၊ ဦးဖိုးကျား၊ သိပ္ပံမောင်ဝ စသည့် ဆရာကြီးများအပါအဝင် အခြားစာရေးဆရာကြီးများ ရေးသားခဲ့သည့် စာအုပ်စာပေများမှ တစ်ဆင့် မိမိတို့ သင်ယူခဲ့ကြရပါကြောင်း။

မိမိတို့၏ အတတ်ပညာ၊ အသိပညာ ခံစားမှုအတွေ့အကြုံများသည် ၎င်းစာရေးဆရာကြီးများ၏ ပြောဆိုဆုံးမသွန်သင်မှုများနှင့် လွတ်ကင်းမည်မထင်ပါကြောင်း၊ ဆရာကြီးများက အမျိုးသားရေးစိတ်ဓာတ် ရှိရန်၊ အမျိုးသားအကျိုးစီးပွား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ မိမိတို့၏ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေအမြဲမြင့်မားအောင် လုပ်ဆောင်ရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်မကြီးရန် စသည့် သွန်သင်ဆုံးမမှုများကို မိမိတို့ မမေ့နိုင်ပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စာကောင်းပေမွန်များ ပိုမိုပေါ်ထွက်လာရန် အမြဲတမ်းမျှော်လင့်ပါကြောင်း၊ ယင်းသို့ စာကောင်းပေမွန်များ ပိုမိုပေါ်ထွက်လာသည်နှင့်အမျှ စာပေကိုညစ်နွမ်းစေသည့်၊ အဆိပ်အတောက်ဖြစ်စေသည့်အရာများ လျော့ပါးသွားစေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထွန်းဖောင်ဒေးရှင်း၏ စာပေရည်ရွယ်ချက်များနှင့်လည်း တစ်ထပ်တည်းကျပါကြောင်း။

ထွန်းဖောင်ဒေးရှင်းအနေဖြင့် စာပေကိစ္စသာမက ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်ကိစ္စများတွင်လည်း အမျိုးသားအကျိုးစီးပွားအတွက် အထောက်အကူပြုလုပ်ငန်းများ မြောက်မြားစွာ ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ နောင်လည်း ယခုကဲ့သို့ စာကောင်းပေမွန်များ ထွက်ပေါ်လာရေး ကြိုးစားပေးရန် မေတ္တာရပ်ခံပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ထွန်းဖောင်ဒေးရှင်းအနေဖြင့် ၎င်းလုပ်ငန်းများကို တတ်နိုင်သမျှ ဆက်လက်အားပေးမြှင့်တင်ပေးရန် မေတ္တာရပ်ခံကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီနာယက ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ စည်သူဒေါက်တာသော်ကောင်းက ထွန်းဖောင်ဒေးရှင်းစာပေဆုဆိုင်ရာများကိုလည်းကောင်း၊ ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က တစ်သက်တာစာပေဆုရ ဒေါက်တာကျော်စိန်ကိုယ်စား သားဖြစ်သူ ဒေါက်တာအောင်မြတ်ကျော်စိန်အား လည်းကောင်း၊ ယဉ်ကျေးမှု ဘာသာရပ်တွင် "စာပေနှင့်ဂီတ ဂီတနှင့်စာပေ" စာအုပ်ဖြင့် ဆုရရှိသည့် ဦးမြင့်ကြည်အား လည်းကောင်း ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ထွန်းဖောင်ဒေးရှင်း (၂၀၁၂) စာအုပ်ဆုနှင့် စာမူဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီနာယက ဦးသိန်းထွန်းက ဆုရွေးချယ်ရေးကော်မတီဝင်များကိုယ်စား ကော်မတီဝင်ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်) အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ယဉ်ကျေးမှုဘာသာရပ်တွင် "စာပေနှင့်ဂီတ ဂီတနှင့်စာပေ" စာအုပ်ဖြင့် ဆုရရှိသည့် ဦးမြင့်ကြည်အား ဆုများချီးမြှင့်စဉ်။** (သတင်းစဉ်)

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဆုရရှိကြသူများသည် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီနာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ ဆုရစာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ကလေးမြို့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်

**ကလေး မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်အတွင်း တိုးပွားလာသော ယာဉ်အမျိုးမျိုးနှင့်အတူ ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကြရန်နှင့် အများပြည်သူယာဉ်အန္တရာယ်ကင်းရှင်းပြီး ဘေးအန္တရာယ်မရှိစေရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့ဦးစီး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မတ် ၉ ရက် နံနက်ပိုင်းတွင် ကလေးမြို့ လမ်းဆုံ(ကြေးရုပ်အနီး)နှင့် ဘူတာလမ်းထောင့်နေရာများတွင် အဖွဲ့များခွဲ၍ဆိုင်ကယ်၊ မော်တော်ယာဉ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များ၏ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်များ၊ ဆိုင်ကယ်ဦးထုပ်မဆောင်းသူများအား စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** **(ကြေးမုံ)**



**❖ ရွှေဖုံးမှ**

နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ရေယူအဆောက်အအုံ (Power Intake)၊ ပင်မတမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီးက နွေရာသီကာလတစ်လျှောက် ပြည်သူလူထု ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ရေလှောင်တမံအတွင်းရှိ သိုလှောင်ရေပမာဏကို စနစ်တကျထိန်းသိမ်းပြီး ဓာတ်အားပေးစက်များကို သတ်မှတ်ညွှန်ကြားချက်အတိုင်း ထိန်းချုပ်မောင်းနှင်ရေး၊ စက်စွမ်းအားပြည့်မောင်းနှင်နိုင်ရေးအတွက် ဓာတ်အားပေးစက်များကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားကြရေးတို့ကို အသေးစိတ်မှာကြားပြီး ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီးရှိ စက်တပ်ဆင်အင်အား ၂၅ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃ သန်းကို နိုင်ငံတော် ဓာတ်အားကွန်ရက်စနစ်အတွင်းသို့ ထုတ်လုပ်မောင်းနှင်ပေးလျက်ရှိသော ဓာတ်အားပေးစက်ရုံတစ်ရုံဖြစ်သည့် ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးက စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်ရုံရှိဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၉ ရုံမှ လျှပ်စစ်စက်တပ်ဆင်အား(၂၇၈၀)မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် မကြာမီကာလတွင်ဖွင့်လှစ်မည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နွေရာသီကာလတွင် ပြည်သူလူထု လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် လျှပ်စစ်တပ်ဆင်အင်အား ၈၀ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားကွန်ရက်အတွင်းသို့ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မီးသတိပြု**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့)**

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၁၁း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း "မေမေ့လပြည့်ဝန်း" (စွမ်း၊ထွန်းထွန်းဝင်း၊ထွန်းအိန္ဒြာဗို၊ ချစ်စနိုးဦး) (ဒါရိုက်တာ-ဇဗ္ဗူထွန်းသက်လွင်)
၁း၂၀ "မင်းဘူးကရွှေစက်တော်ဖူးကြစို့ တူပျော်ပျော်"
၄း၃၀ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သမိုင်းဘာသာရပ်)
၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်းများ
-တစ်မျက်နှာ၊ တစ်ကွက်စာ "ထိုက်သူစံ"(စွမ်းရည်၊ ကောင်းဆက်ထူး၊ မရီနာ) [ဒါရိုက်တာ-မေတင်(MMG)]
-နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာရှိသောမြို့လေး"(ဇာတ်သိမ်း)




# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၉**

ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၇ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က ဥပဒေရေးရာကိစ္စရပ်များနှင့် ပြည်နယ်စာရင်းစစ်ချုပ် ဦးသိန်းမြင့်က စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်အောင်က ဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာ အခြေအနေများ၊ ခရိုင် အုပ်ချုပ်ရေးမှူးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူးများက မိမိဒေသ၏ လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ပြည်နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး တောင်ကြီး၊ လွိုင်လင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်၊ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးများက မိမိဒေသ၏ လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မော်လမြိုင်တက္ကသိုလ်တွင် ဘာသာရပ်အလိုက် ထမနဲထိုးပြိုင်ပွဲကျင်းပ

မော်လမြိုင် မတ် ၉

မော်လမြိုင်တက္ကသိုလ်တွင် (၁၁) ကြိမ်မြောက် ဘာသာရပ်အလိုက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို တက္ကသိုလ်ဓမ္မာရုံရှေ့ မြေကွက်လပ်၌ မတ် ၇ ရက် နံနက် ၇ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။(ယာပုံ)

အဆိုပါပြိုင်ပွဲသို့ ဘာသာရပ်အလိုက် အသင်း ၁၄ သင်းမှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာငွေးအောင်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုံညီစွာကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရရှိသော စိတ်ပညာအသင်း၊ ဒုတိယဆုရရှိသော ရက္ခဗေဒအသင်းနှင့် တတိယဆုရရှိသော ရူပဗေဒအသင်းတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး တက္ကသိုလ်ဝင်းအတွင်းရှိ သာသနာ့နယ်မြေတွင် မင်္ဂလာရှိခြင်း အထိမ်းအမှတ်အဖြစ် အင်ကြင်းပင်ငါးပင်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မိုးဇေ)



# အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)အတွက် ဆုတံဆိပ်နှင့် မှတ်တမ်းများ ဆက်သွယ်လှူဒါန်းနိုင်

**နေပြည်တော် မတ် ၉**

မြန်မာနိုင်ငံ အားကစားသမိုင်း၊ နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အားကစားသမားများ၏ စွမ်းဆောင်အောင်မြင်မှုများနှင့် စပ်လျဉ်း၍ ပြည်သူများ သိရှိလေ့လာနိုင်ရန် အားကစားပြတိုက်(စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)နှင့် စာကြည့်တိုက်ဖွင့်လှစ်ဆောင်ရွက်သွားရန်ရှိသဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းများ၏ မှတ်တမ်းဓာတ်ပုံများ၊ ရရှိခဲ့သည့် ဆုတံဆိပ်၊ ဆုဖလားများ၊ အထောက်အထားမှတ်တမ်းများ၊ သတင်းစာ၊ ဂျာနယ်၊ စာစောင်နှင့် စာရွက်စာတမ်း၊ စာအုပ်များကို အားကစားပြတိုက်(စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)တွင် ဂုဏ်ပြုပြသထားရှိနိုင်ရေးအတွက် အားကစားဝန်ကြီးဌာန၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ (ရန်ကုန်) ဖုန်း-၀၁-၄၀၀၄၃၁၊ ၀၁-၄၀၀၈၉၂ နှင့် လူထုအားကစားနှင့် ပညာပေးဌာနခွဲ (နေပြည်တော်) ဖုန်း-၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ဖုန်း-၀၆၇-၄၂၂၆၁၈ တို့သို့ ဆက်သွယ်လှူဒါန်းပေးပို့နိုင်ကြသည်။

ထို့အပြင် နိုင်ငံတကာအဆင့်မီ အားကစားနည်းပြများ မွေးထုတ်ပေးနိုင်ရေးအတွက် မကြာမီ အားကစားတက္ကသိုလ်ဖွင့်လှစ်သွားရန် စီစဉ်ထားရှိပြီး ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်မှစတင်၍ ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်နှင့် မန္တလေးမြို့ ရတနာပုံတက္ကသိုလ်တို့တွင် အင်အား ၅၀ စီဖြင့် ပထမနှစ်သင်တန်းများ စတင်ဖွင့်လှစ်သွားမည်ဖြစ်၍ အားကစားဆိုင်ရာ ဘာသာရပ်များအတွက် သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်း၊ လိုအပ်သည့်အကြံဉာဏ်များပေးခြင်းများဆောင်ရွက်နိုင်ရေးအတွက် ယင်းလိပ်စာ/ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့နိုင်သည်။

အားကစားပြတိုက်(စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)ဖြစ်မြောက်ရေးနှင့် အားကစားတက္ကသိုလ်ဖွင့်လှစ်နိုင်ရေးအတွက် ဖြစ်မြောက်ရေးကော်မတီများဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် စိတ်ပါဝင်စားသူများအနေဖြင့် ယင်းဖုန်းနံပါတ်များသို့ ဆက်သွယ် စာရင်းပေးပို့နိုင်ကြောင်းနှင့် ဖြစ်မြောက်ရေးကော်မတီအား စိစစ်၍ ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော် ဘူတာကြီးဝင်းအတွင်း အလုပ်ရုံနှစ်ရုံမီးလောင်

**နေပြည်တော် မတ် ၉**

နေပြည်တော်ကောင်စီ နယ်မြေ ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ဘူတာကြီးဝင်းအတွင်း မီးရထား စီမံကိန်းအဆောက်အအုံ နှစ်ခု မီးလောင်မှုဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ မတ် ၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ဘူတာကြီးဝင်းအတွင်းရှိ မီးရထားစီမံကိန်း အလုပ်ရုံအဟောင်းဘေးမှ ချုံနွယ်ကိုင်းခြောက်များမှ နေအပူချိန်ပြင်းထန်မှုကြောင့် တောမီးလောင်ခြင်းဖြစ်ပြီး အနီးရှိ မီးရထားစီမံကိန်း အလုပ်ရုံဟောင်းများဖြစ်သည့် ပေ ၁၅×၁၀ သွပ်မိုးထရံကာ မြေစိုက်အဆောက်အအုံနှင့် ကပ်လျက်ရှိသည့် ပေ ၄၀× ၂၀ သွပ်မိုးထရံကာ စီမံကိန်းအလုပ်ရုံတစ်ရုံ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၂၂၉၀၀၀ ဖြစ်ပြီး မီးလောင်ရာနေရာသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းမြတ်နှင့်တာဝန်ရှိသူများ၊ နေပြည်တော် မီးသတ်ဦးစီးဌာန မှညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ ပုဗ္ဗသီရိမီးသတ်စခန်းမှ စခန်းမှူး ညီညီဝင်း၊ တပ်မတော်သား ၃၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၂၀၊ မီးသတ်တပ်ဖွဲ့ဝင် ၇၀၊ မီးသတ်ယာဉ် ကိုးစီးနှင့် နေပြည်တော်ဘူတာကြီး မီးရထားဝင်းမှရေဘောက်စာ တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ၂နာရီခွဲတွင် မီးထိန်းနိုင်ပြီး မွန်းလွဲ၂နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပုဗ္ဗသီရိ ရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**(မောင်မောင်ငြိမ်းချမ်း)**



# မြန်မာနိုင်ငံအသေးစားနှင့် အလတ်စားကုမ္ပဏီများနှင့် ဂျပန်နိုင်ငံအသေးစားနှင့် အလတ်စားကုမ္ပဏီများ ဆွေးနွေးမည်

ရန်ကုန် မတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ဂျပန်နိုင်ငံ Small and Medium Enterprise Agency တို့ပူးပေါင်း၍ မြန်မာနိုင်ငံအသေးစားနှင့် အလတ်စားကုမ္ပဏီများနှင့် ဂျပန်နိုင်ငံအသေးစားနှင့် အလတ်စားကုမ္ပဏီများ လုပ်ငန်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ Myanmar -Japan SEMs Business Matching ကို မတ် ၂၃ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်ရုံသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ဓာတုဗေဒပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာလုပ်ငန်းစသည့် လုပ်ငန်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးလိုသည့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအား လျှောက်လွှာဖြည့်စွက်၍ မတ် ၇ ရက်မတိုင်မီ csrd.umfcci@gmail .com သို့ မေးလ်ဖြင့် လျှောက်ရမည်။ လျှောက်လွှာများကို စိစစ်၍ တက်ရောက်ခွင့်ရသူများကို အသင်းချုပ်မှတစ်ဆင့် ပြန်လည်အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**(ဒီမွန်)**

## ယနေ့ မိုးလေဝသ

**ထူးခြားသည့် နေ့အပူချိန်များ**

ချောက်
၄၂ ဒီဂရီစင်တီဂရိတ်

ဆင်ဖြူကျွန်း
၄၁ ဒီဂရီစင်တီဂရိတ်

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

သင့်စီးပွားရေး
တိုးတက်အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင်
ကြော်ငြာစို့






# ခြိမ့်ခြိမ့်သဲသဲ အလက်ကျော်စွာ ကာတွန်းဦးဘဂျမ်း ဂုဏ်ပြုပွဲ

### တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာမည်၏။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် နည်းတူ မြို့ညောင်တုန်းသားတို့သည် ဘုရားဟောတရားနှင့်အညီ ပူဇော်ထိုက်သူများအား ပူဇော်ခဲ့ကြသည်မှာ ကြီးမြတ်သော အစဉ်အလာတစ်ရပ်ပင်ဖြစ်သည်။ ယခုလည်း ညောင်တုန်းသား တစ်ဦးဖြစ်သည့် "အလက်ာကျော်စွာ ကာတွန်းဦးဘဂျမ်း"အား မြို့နယ်လုံးကျွတ် ခြိမ့်ခြိမ့်သဲသဲ ပူဇော်ကြပြန်သည်။ မြန်မာ့စာပေသမိုင်းတွင် ကာတွန်းပညာဖြင့် အလက်ာကျော်စွာဘွဲ့ရရှိသူမှာ ယနေ့အထိ ကာတွန်းဦးဘဂျမ်း တစ်ဦးတည်းသာ။ ဆရာကြီးမရှိတော့သည်မှာ ကြာပြီဖြစ်သော်လည်း သူ၏အနုပညာဂုဏ်သတင်းသည် မှေးမှိန်မသွား၊ နိုင်ငံတလွှားရှိ အနုပညာကို ချစ်မြတ်နိုးသည့် ပြည်သူတွေ၏ နှလုံးသားမှာ တောက်ပနေဆဲ။

ပိုးကုန်သည် ဦးဖောင်နှင့် ဇနီးဒေါ်မြစ်တို့က ၁၂၆၃ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်(ကြာသပတေးနေ့)တွင် ဦးဘဂျမ်းကို ညောင်တုန်းမြို့(၉)လမ်း၌ မွေးဖွားခဲ့သည်။ သားသမီး ခြောက်ယောက်ရှိသည့်အနက် ပဉ္စမမြောက်ဖြစ်ပြီး ငယ်စဉ်ကပင် ပန်းချီဝါသနာပါသူ၊ ညောင်တုန်းမြို့ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ စာသင်ကျောင်းတွင် စတင်ကျောင်းနေခဲ့ပြီး ရန်ကုန်မြို့ ကူရှင်ကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထိုကျောင်းမှ(၁၀)တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်ရောက်သောအခါ ပန်းချီရုပ်ပုံများ ပိုမိုရေးဆွဲဖြစ်ခဲ့သည်။ ထို့နောက် ကာတွန်းရုပ်ပုံများ ဆက်လက်ရေးဆွဲကာ တက္ကသိုလ်မဂ္ဂဇင်းများတွင် ဖော်ပြခြင်းခံခဲ့ရသည်။ ၁၉၂၆ ခုနှစ်ထုတ် တက္ကသိုလ်မဂ္ဂဇင်းတွင် "ဟင်း ခွက်ထဲက ကြက်သားတုံးကို ဒိုင်ဗင်ထိုးဆယ်မလို့" တစ်ကွက်စာ ကာတွန်းသည် ဦးဘဂျမ်း၏ ပထမဦးဆုံး ပုံနှိပ်ဖော်ပြခြင်းခံရသော ကာတွန်းဖြစ်သလို ထိုကာတွန်းဖြင့် တက္ကသိုလ်လောက၌ ဟိုးလေးတကျော် ထင်ပေါ်ခဲ့သည်။ အိုင်အေအထက်တန်းအထိ ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်မှထွက်၍ အတွင်းဝန်ရုံးစာရေး ဝင်လုပ်ခဲ့သည်။ ဝန်ထမ်းဘဝဖြင့် တစ်ဖက်က ပန်းချီကာတွန်းရုပ်ပုံများ စဉ်ဆက်မပြတ်ရေးဆွဲခဲ့ရာ မလွတ်လပ်တော့သည့်အတွက် အလုပ်မှနုတ်ထွက်ခဲ့သည်။ အလုပ်မှထွက်ခဲ့သည့်အတွက် ဝင်ငွေကမရှိ၊ ကာတွန်းဆွဲခကလည်းမရသေး။ သို့သော် ကြုံလေသည့် အခက်အခဲများကို ဘေးချိတ်၊ နောက်ပြန်ပြေးဖို့စိတ်မကူး။ ရှေ့သို့သာဦးတည်၊ ယုံကြည်ချက်ဖြင့် ရှေ့ဆက်လျှောက်၊ မိမိ လက်ရာမြောက်ရေးသာအဓိက။ မကြာမီ အောင်မြင်မှုလမ်းစရခဲ့သည်။ ထိုစဉ်က ထိပ်တန်းအကျဆုံး "ရန်ကုန်ဂေဇက်"သတင်းစာအယ်ဒီတာချုပ် မစ္စတာမိုင်းက သူ့လက်ရာကာတွန်း(၃)ကွက်ကို လွန်စွာသဘောကျ၍ ၆၀ ကျပ်ဖြင့် ပေးဝယ်ခဲ့ရာ ဦးဘဂျမ်းဈေးဦးပေါက်တော့သည်။ ၎င်းနောက် "ရန်ကုန်ဂေဇက်" သတင်းစာတွင် အပတ်စဉ်နေရာပေးခဲ့ရာ အချိန်ကာလ ၁၉၁၆ ခုနှစ်ဝန်းကျင်၊ ဆက်လက်၍ မြန်မာ့အလင်းသတင်းစာ၊ သူရိယသတင်းစာ၊ ကြီးပွားရေးမဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းတို့တွင် သူ၏ကာတွန်းလက်ရာများ တိုးချဲ့နေရာယူခဲ့ပြန်သည်။ ကာတွန်းဆွဲခရငွေဖြင့် မလုံလောက်သည့်အခါ အစ်ကိုဖြစ်သူ အရေးပိုင်ဦးဘသော်နှင့် စက်ရှင်မင်းကြီး ဦးဘမော်တို့မှ ပါရမီဖြည့် ထောက်ပံ့ကြရသည်။ ဦးဘဂျမ်းသည် ငွေရရေး အဓိကမထား၊ ဆင်းရဲမှာကိုလည်း မကြောက်၊ သူ့လက်ရာမြောက်ဖို့သာ အရေးကြီးသည်။ ကျင့်ကြံကြိုးစားသည်။ ဝါသနာ၊ ဆန္ဒနှင့် ဘဝ တစ်ထပ်တည်း ကျသည့်အတွက် သူ့ဘဝကိုသူ အကျေနပ်ကြီး ကျေနပ်နေခဲ့သူ။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် သူ၏ကာတွန်းလက်ရာများသည် ပလူပျံ၊ ရေတွက်မနိုင်၊ နာမည်တစ်လုံးရခဲ့သော်လည်း မတင်းတိမ်။ ကာတွန်းရုပ်ရှင်ကို ဖန်တီးလိုပြန်သည်။ ထိုစဉ်က ကိုယ့်တိုင်းပြည်သည် စက်မှုနည်းပညာခေတ်နောက်ကျနေခဲ့ပြီး စက်ကိရိယာ မစုံလင်သည့်ကြားမှ မြန်မာတွေမည့်ကြောင်း၊ စက်ကိရိယာမစုံသော်





လည်း ကာတွန်းရုပ်ရှင်ကို ဉာဏ်တီထွင်၍ လုပ်ပြနိုင်ကြောင်း ကမ္ဘာသိအောင် ကြေညာလိုသည့် ပြင်းပြသော မျိုးချစ်စိတ်ဖြင့် ကာတွန်းရုပ်ရှင်ဖြစ်အောင် ကြိုးစားခဲ့သည်။ အအိပ်ပျက်အစားပျက်ခံကာ နေ့မအားညမနား ကြိုးစားခဲ့ရာ နှစ်လခွဲကျော်ကာလအတွင်း ကာတွန်းကားချပ်ပေါင်း ၂၀၀၀၀ ကျော် ရေးဆွဲခဲ့ရသည်။ ဦးဘဂျမ်းက ရှေ့ဆောင်ရေးဆွဲပြီး ကာတွန်းဦးဟိန်းစွန်နှင့် အဖွဲ့ကကူးခြင်း၊ ထပ်ခြင်း၊ ဖြည့်ခြင်းတို့ပြုလုပ်ခဲ့ရာ ၁၉၃၂ ခုနှစ်တွင် "ကြက်တောင်ကွ"နှင့် "အသူရာ"ကာတွန်းကားနှစ်ကား ပေါ်ထွက်ခဲ့သည်။ "ကြက်တောင်ကွ"က ပေ ၈၀၀ ကျော်၊ "အသူရာ"က ပေ ၁၀၀၀ ကျော်၊ ပဲရော့ရုပ်ရှင်က ထုတ်လုပ်ဖြန့်ချိခဲ့ရာ ပရိသတ်အထူးနှစ်သက်အားပေးခြင်းခံခဲ့ရသည်။ သို့ကြောင့် ဇာတ်လမ်းပါ ကာတွန်းရုပ်ရှင်ကို မြန်မာပြည်တွင် ပထမဦးဆုံး တီထွင်သူမှာ ကာတွန်းဦးဘဂျမ်းဟု မှတ်ယူရမည်ဖြစ်ပေသည်။

စစ်မဖြစ်မီက "ရုပ်ပြောင်" စာစောင်ကို ထုတ်ဝေခဲ့ပြီး စစ်ပြီးခေတ်တွင် ဗမာ့ခေတ်သတင်းစာ၌ ဦးဖျောက်ဆိပ်ကာတွန်း၊ ဟံသာဝတီသတင်းစာ၌ "မောင်မြေဇာကာတွန်း" များ အပတ်စဉ်ရေးဆွဲခဲ့သလို ပြည်သူချစ်ကာတွန်း သရုပ်ဆောင်များဖြစ်သည့် ကိုပြူး-မပြုံး၊ ကြွက်ဖြူလေး၊ ဘခွေး၊ ညိုတို့ကို ပုံဖော်ခဲ့သည်။ အခြားကာတွန်းမျိုးစုံကိုလည်း ဂျာနယ်၊ မဂ္ဂဇင်းအသီးသီးတွင် ရေးဆွဲခဲ့ပြီး ကလောင်အမည်သုညု၊ ကာတွန်းဘဂျမ်း အမည်များဖြင့် ဝတ္ထုဆောင်းပါးများလည်း ရေးသားခဲ့ပြန်သည်။ ညီမလေး လုံးချင်းဝတ္ထုကို ထုတ်ဝေခဲ့ပြီး "ရှုမဝ" ရာပြည့်မဂ္ဂဇင်း၌ ဖော်ပြခဲ့သော "အချစ်ကြောင့်"ဝတ္ထုမှာ ဟာသဉာဏ်ရွှင်ပြီး စာဖတ်သူ လက်ကမချနိုင်လောက်အောင် ဆွဲဆောင်မှုရှိလှသည်။ ပန်းချီဝါသနာပါသည့်အတွက် သွားလေရာ ပုံဆွဲစာအုပ်ယူဆောင်သွားပြီး မြင်မြင်သမျှ ပန်းချီမျက်စိဖြင့်ကြည့်ကာ လေ့လာရေးဆွဲလေ့ရှိသဖြင့် သူ၏ကာတွန်းရုပ်များမှာ အသက်ဝင်လှသည်။

နဂိုဗီဇ ဟာသဓာတ်ခံရှိသူပီပီ နေ့စဉ်မြင်တွေ့နေရသည့် လူသားတို့၏ဒုက္ခ၊ သုခလောကကြီး၏ အမြီးအမောက်မတည့်သည့်ကိစ္စ၊ ဟန်ဆောင်လောက၊ အပြင်ပန်းပကာသနစသည်တို့ကို ကောင်းစွာထိုးထွင်းမြင်သူ၊ ကြားသူဖြစ်ရာ အကောင်းနှင့်အဆိုးခွဲခြားသုံးသပ်နိုင်စွမ်း သူ့မှာရှိသည်။ သို့ဖြစ်၍ သူ၏ကာတွန်းများသည် အကြောင်းအရာအားဖြင့် ပြောင်မြောက်နေသည်မှာမဆန်း။

သူသည် စာအလွန်ဖတ်၏။ စာမရွေး၊ တွေ့ရာစာကို ဖတ်သည်။ ကာလပေါ်ဝတ္ထု၊ ဘုရားစာ၊ တရားစာ "ကိုရန်"ကျမ်းလည်းအပါ၊ သို့ဖြစ်၍ စာပေနှံ့စပ်သူဖြစ်ရာ သူ၏ကာတွန်းစာသားများမှာ အစဉ်ပြောင်မြောက်နေပြန်သည်။

သူ၏ အထူးခြားဆုံးသော ဂုဏ်အင်္ဂါမှာ ငွေမမက်ခြင်း၊ ငွေရရန် ကာတွန်းရေးဆွဲခြင်းမဟုတ်။ တိုင်းပြည်အတွက် ကာတွန်းရေးဆွဲနေခြင်းဟု ခံယူထားသူ၊ လွတ်လပ်ရေးရပြီးစ အစိုးရပိုင်း အာဏာရပုဂ္ဂိုလ်ကြီးတစ်ဦးက ရာထူးကြီးကြီးပေးသော်လည်း လက်မခံ။ အစိုးရအလုပ်လုပ်လျှင် အစိုးရဟာကွက်ကို ဝေဖန်ထောက်ပြရန်ခက်သည်။ သူ့အနေဖြင့် ပြည်သူ့ဘက်က အမြဲရပ်တည်ရပါမည်ဟုဆိုကာ ထိုရာထူးကြီးကို ငြင်းပယ်ခဲ့သည်။

ဦးဘဂျမ်း ကျေးဇူးများကား ကြီးလှပေသည်။ တိုင်းဆ၍မကုန်နိုင်။ မတရားမှုကို ရှောင်ကြဉ်ရမည်။ လမ်းမှားသို့မပို့၊ အမှောင်သို့မညွှန်း၊ အများအကျိုးဆောင်၊ ကိုယ်ကျိုးကိုစွန့်၊ အားနည်းသူကို ကူညီ၊ စိတ်ကောင်း စိတ်မြတ်မွေး၊ လမ်းမှန်သို့သာ ဦးတည်ရန် ကာတွန်းပညာဖြင့် မီးမောင်းထိုးပြခဲ့သလို နိုင်ငံရေးပညာ၊ စာပေပညာ၊ လူမှုရေးပညာတို့ကို ရှေ့ဆောင်သင်ပြပေးခဲ့သလို လူ့လောက လူ့သဘာဝတို့ကို မြင်အောင်ဆင်ခြင်သုံးသပ်နိုင်အောင် ရှေ့ဆောင်လမ်းပြပေးခဲ့သည်။

ဦးဘဂျမ်းသည် သူအလွန်တရာချစ်မြတ်နိုးသော သူ့ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခဲ့ပြီး လေးနှစ်အကြာ ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် အသက်(၅၃)နှစ်သို့အရောက် အနာ့ပဆုပ်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ တစ်ဦးတည်းသောသား မောင်ကျော်ညွန့်(အခု သက်ရှိထင်ရှား ဦးကျော်ညွန့်) ကျန်ရစ်ခဲ့သည်။ အရွယ်ကောင်းတုန်း၊ ဉာဏ်ပညာထက်မြက်တုန်း ကွယ်လွန်သွားသည့်အတွက် နှမြောဖွယ်ရာကောင်းလှသည်။

ဦးဘဂျမ်းသာ သက်ရှိထင်ရှားရှိမည်ဆိုပါက ယခုဆိုလျှင် အသက်(၁၁၁)နှစ် ပြည့်လေပြီ။ ညောင်တုန်းသား ဦးဘဂျမ်းအား ဂုဏ်ပြုပူဇော်သည့်ပွဲကို ညောင်တုန်းမြို့ အတုလမာရဇိန် သွန်းဘုရားကြီး ဝင်းအတွင်း၌ ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နှစ်ညတိုင်တိုင် ကျင်းပခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၅ နာရီတွင် ဂုဏ်ပြုပွဲအခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပြီး ညပိုင်းတွင် ညောင်တုန်းသား အနုပညာရှင်များဖြစ်ကြသော ဒါရိုက်တာ အကယ်ဒမီ ညီညီထွန်းလွင်၊ ထပ်ဆင့်အကယ်ဒမီ မေသဉ္ဇာဦး၊ အကယ်ဒမီ ဝေဠုကျော်၊ ဇာတ်ညွှန်းဆုဩချယ်၊ ဟာသရော၊ ပန်းချီဝင်းမြင့်မိုးနှင့် စာရေးသူ တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်)၊ ဧည့်သည် အနုပညာရှင်များဖြစ်ကြသော တေးသံရှင် မျိုးမြင့်လေး၊ တက္ကသိုလ်တင်မောင်ဝင်းနှင့် ကာတွန်းရွှေမင်းသားတို့က ဂုဏ်ပြုအမှတ်တရစကားပြောကြားခဲ့ပြီး "တင့်အလင်္ကာ" မြန်မာသံတေးဂီတအဖွဲ့နှင့်အတူ မေသဉ္ဇာဦး၊ ရွှေရည်သိန်းတန်၊ မျိုးမြင့်လေး၊ ညောင်တုန်း ငွေးဝင်း၊ ခိုင်ဟေမာန်၊ ကာတွန်းရွှေမင်းသား၊ မအူပင်ဆွေမြင့်၊ ပန်တျာ ငွေးငွေးဝင်း၊ ပန်းချီဝင်းမြင့်မိုးနှင့် စာရေးသူတို့က အလက်ာကျော်စွာ ကာတွန်းဦးဘဂျမ်းကို ဂုဏ်ပြုသည့် တေးသီချင်းနှင့်အတူ ဧည့်ခံတေး၊ အငြိမ့်ခန်းတို့ဖြင့် ကြွရောက်လာကြသည့် ဧည့်ပရိသတ်တို့အား ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၃ ရက်ညတွင် ပန်းချီလှတင်ထွန်း(ဝင်းပ)၊ ကာတွန်းဝင်းအောင်နှင့် စာရေးဆရာ မောင်သာချိုတို့က ဦးဘဂျမ်းကို ဂုဏ်ပြုသောအားဖြင့် စာပေရေးရာများ ဟောပြောခဲ့ကြသည်။ ဂုဏ်ပြုပွဲအစမှ အဆုံးတိုင် ညောင်တုန်းသား ပန်းချီဆရာ ၁၃ ဦး၏ ပန်းချီကား ၃၅ ကား၊ ကာတွန်းဆရာများ၏ ကာတွန်းကား ၁၁၁ ကားတို့ကိုလည်း ပြသခဲ့ရာ ဆရာကြီးသို့ ဂုဏ်ပြုပွဲမှာ အထူးပင် စည်ကားခဲ့လေပြီ။ ။




ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



# မန္တလေးတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဆွေးနွေးမှာကြား

**နေပြည်တော် မတ် ၉**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လျက်ရှိရာ ပြည်သူအများ ကျန်းမာကြံ့ခိုင်စေရန်၊ ကျောင်းနေအရွယ် ကလေးငယ်များမှစတင်၍ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ငယ်ရွယ်စဉ်မှစ၍ နွားနို့ နေ့စဉ်သောက်သုံးရန်၊ ထိုကဲ့သို့ နို့သောက်သုံးသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ပညာပေးစည်းရုံးဆောင်ရွက်ရန်၊ နွားနို့ပိုမိုထွက်ရှိလာစေရေးအတွက် နို့စားနွားမွေးမြူရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးစီးဌာနလုပ်ငန်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရန်အတွက် (People Centre Development) စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေချိန်တွင် လူတစ်ဦးချင်း ဝင်ငွေသုံးဆ တိုးတက်စေရေး၊ သားငါးကဏ္ဍ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်စေရေး အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်၍ ဆောင်ရွက်သွားရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံတိရစ္ဆာန်သန်းခေါင်စာရင်းအရ ကျွဲနွားကောင်ရေ ၁၇ သန်းတွင် နို့စားနွားကောင်ရေ ငါးသိန်းသာရှိကြောင်း၊ နို့စားနွားမွေးမြူထုတ်လုပ်ရေး၊ အသားစားနွား၊ ခိုင်းနွား မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ဦးစီးဌာနနှင့် ပူးပေါင်းပါဝင်စေလိုကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များ နို့တိုက်ကျွေးရေးအစီအစဉ် (School Milk Program) ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဇွန်လမှစတင်၍ သုံးနှစ်ဆက်တိုက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ မူလတန်းကျောင်းသားကျောင်းသူများအား နို့တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝပြီး ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သည့် လူငယ်လူရွယ်များ မွေးထုတ်နိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်များအား နေ့စဉ်နို့တိုက်ကျွေးရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့်လည်း ပြောကြားသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နှစ်နိုင်ငံ ဗုဒ္ဓဘာသာဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၉**

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် တရုတ်ဗုဒ္ဓစွယ်တော်တိုက် ဆရာတော် Most Ven. Shi Chaung Zaung ဦးဆောင်သော တရုတ်နိုင်ငံသာသနာရေးဗျူရိုအဖွဲ့တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူ သီရိမြို့နယ် မြတ်မင်္ဂလာဟိုတယ်၌ တွေ့ဆုံ၍ နှစ်နိုင်ငံ ဗုဒ္ဓဘာသာဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးချစ်ကြည်စွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ သာသနာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ ရုံးအဖွဲ့မှူး ဦးမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းနှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံသာသနာရေးဗျူရိုမှ ဒုတိယ ညွှန်ကြားရေးမှူးများ ဖြစ်ကြသော Mr. Zhang Lin၊ Ven. Sun Lian Cheng နှင့် Mr. Wang Li တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းပွဲကျင်းပ

**ကျိုင်းတုံ မတ် ၉**

ကျိုင်းတုံခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျိုင်းတုံမြို့နယ်ရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး ဆေးအမျိုးမျိုး ရောင်းချသူလုပ်ငန်းရှင်များ၊ တောင်သူများ၊ စိုက်ပျိုးရေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဖိတ်ကြား၍ ခရိုင်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမတွင် မြေဩဇာ၊ ပိုးသတ်ဆေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြေအသုံးချရေးဌာန တာဝန်ခံဦးစီးအရာရှိ ဦးပက်ထရစ်ဖြူးက စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ အပင်အားတိုးဟော်မုန်းဆေးများအား သတ်မှတ်လမ်းညွှန်ထားသော စံချိန်ဖြင့် တရားဝင်တင်သွင်းဖြန့်ချိရောင်းချသည့် စိုက်ပျိုးရေးဆေးဝါးနှင့် မြေဩဇာဖြစ်ရေး အလေးထားဂရုစိုက်ကြပ်မတ်ပညာပေးသွားရန်နှင့် သုံးစွဲကြသူများကလည်း ဆေးညွှန်းစံနှုန်းများအား လိုက်နာကြရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးဆေးမျိုးစုံနှင့် မြေဩဇာမျိုးစုံတို့မှာ ကျိုင်းတုံမြို့နယ်အတွင်းသို့ အိမ်နီးချင်းနိုင်ငံများက နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ဖြတ်သန်းရောက်ရှိလာကြကာ တံဆိပ်မျိုးစုံနှင့်ဖြစ်ပြီး ဘေးထွက်ဆိုးကျိုးအား စိုက်ပျိုးသူနှင့် စားသုံးသူတို့က ကြုံတွေ့ခံစားရနိုင်သည့် အန္တရာယ်အား အသိ၊ သတိ၊ ဉာဏ်ပညာဖြင့် ကြိုတင်ကာကွယ်ကြရန်လည်း ဆက်လက်မှာကြားဆွေးနွေးရှင်းလင်းခဲ့သည်။ **(ဘုံ)**

### ✳ စစ်ကိုင်းမြို့မှ

စုစုပေါင်း မိုးရေချိန်မှာ ၂၂ ဒသမ ၆၈ လက်မ ရွာသွန်းခဲ့သော်လည်း ဧရာဝတီမြစ်ကြောင်း သဲသောင်ဖြစ်ထွန်းမှုမှာ ယခုနှစ်ပိုင်းတွင် သိသိသာသာ ဆိုးရွားလာကြောင်း သိရသည်။

ယခုအခါ အင်းဝတံတားကြီး၏ ရေလယ်တိုင်အမှတ် (၅၊ ၆၊ ၇၊ ၈) တို့မှာ အောက်တိုင်ခြေများပေါ်နေပြီး လှေ၊ သင်္ဘော၊ မော်တော်များ၊ သစ်ဖောင်ဝါးဖောင်တို့မှာ တောင်ဘက် တိုင်အမှတ်(၉)နှင့် (၁၀)အကြားမှသာ ခုတ်မောင်းသွားလာနိုင်တော့သည်ကို တွေ့ရသည်။ ဧရာဝတီမြစ်ကြောင်းမှာ အင်းဝတံတားကြီးမှ ဆင်ကျုံးခံတပ်အနီးထိ သဲသောင်ကြီးများ အကြီးအကျယ်ဖြစ်ထွန်းနေပြီး မြစ်ကြောင်းပိတ်လုနီးပါးအခြေအနေ ဖြစ်ပေါ်နေသည်။ မြစ်ကြောင်းမှာ အင်းဝဘက်ကမ်းမှ ရေကြောင်း အနည်းငယ်ပေါက်ပြီး စစ်ကိုင်းဘက်ကမ်းတွင် သဲသောင်အကြီးအကျယ်ဖြစ်ထွန်းကာ ရေကြောင်း လုံးဝပိတ်နေပြီဖြစ်သည်။

ယခုအခါ မြစ်ကြောင်းကျဉ်းမြောင်းနေခြင်း၊ ရေစူးတိမ်လာခြင်းတို့အပြင် ရေနက်သတိပေးမှတ်အောက်သို့ မြစ်ရေထပ်မံကျဆင်းဦးမည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းသတိပေးချက် ထုတ်ပြန်ထားသဖြင့် ရေကြောင်းသွားလာသည့် ရေယာဉ်များ၊ သစ်ဖောင်ဝါးဖောင်များ၊ မြစ်ရေတင်လုပ်ငန်းများအနေဖြင့် သတိပြုမောင်းနှင်သွားလာလုပ်ကိုင်ကြရန် လိုအပ်ကြောင်း သိရသည်။ **(နန္ဒာမင်းလွင်)**

### ❖ ကျောဖုံးမှ

ထိုင်းနိုင်ငံသို့ ဆိုက်ရောက်ဗီဇာမရရှိသဖြင့် ဆက်လက်လိုက်ပါခွင့်မရကြောင်းနှင့် ဂျာမနီနိုင်ငံမှ စတင်ထွက်ခွာလာခဲ့သော ကမ္ဘာလှည့်ကားမောင်းခရီးသည်များသည် မော်တော်ယာဉ် ၂၉ စီးဖြင့် ရက်ပေါင်း ၇၀၀ တိတိ နိုင်ငံအနှံ့၊ ကမ္ဘာအနှံ့သို့ လှည့်လည်သွားရောက်မည်ဖြစ်သည်။ အဆိုပါ ကမ္ဘာလှည့်ကားမောင်းခရီးသည်များအား မြဝတီမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နိုင်ငံကူးလက်မှတ်များအား အဆင်ပြေစေအောင် ဆောင်ရွက်လုပ်ဆောင်ပေးခဲ့ကြပြီး ကမ္ဘာလှည့်ကားမောင်းခရီးသည်များမှာ မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားပေါ်မှ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

# သန်လျင်၌ နွေရာသီ အားကစားသင်တန်းဖွင့်

**ရန်ကုန် မတ် ၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော နွေရာသီ ကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်) အားကစားသင်တန်းဖွင့်ပွဲကို မတ် ၄ ရက်က သီဟဒီပအားကစားကွင်း၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ဥမ္မာနေထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသူ ၇၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## စာပေမြင့်မှ လူမျိုးတင့်မည်

### ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၉ ရက်ထုတ် ကြေးမုံ သတင်းစာ စာမျက်နှာ (၈)ပါ အီးယူ-မြန်မာပူးတွဲကြေညာချက် အပိုဒ်ခွဲ (၄)၊ စာကြောင်းရေ (၃)၌ ပါရှိသော NPT စာချုပ် (အစား) IAEA စာချုပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(နိုင်ငံခြားရေး)**

## စာရေးသူနှင့် ထုတ်ဝေသူတို့၏ "မူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာ" ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပူးပေါင်း၍ စာရေးသူနှင့် ထုတ်ဝေသူတို့၏ မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများကို မတ် ၁၆ ရက်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း၌ ဟောပြောမည်ဖြစ်ပြီး မူပိုင်ခွင့်ဆိုင်ရာ ကျွမ်းကျင်သူများဖြစ်သော ဒေါက်တာကျော်ဇောနိုင်နှင့် ဒေါ်ဆွေဇင်ထိုက်တို့က ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

စိတ်ဝင်စားသူမည်သူမဆို မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၅၂၉) ကုန်သည်လမ်း (စာပေဗိမာန်အဆောက်အအုံ)တွင် တက်ရောက်နိုင်ပါသည်။ **(ကိုမျိုး)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၃-၂၀၁၃ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၅း၄၀ | "ကောင်းသောတစ်နေ့တာဖြစ်ပါစေ"တရားတော် (မြောက်ဦးဆရာတော်ဝနဝါသီအရှင်ဝါယာမိန္ဒ) |
| ၁၁း၅၀ | Myanmar Cooking Master (Third Season) (Round-1) (Part - 4) |
| ၂း၂၀ | "ပြည်သူများအတွက်" ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ဆောင်ရွက်ချက် |
| ၄း၁၅ | Kid's Show |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (ဇာတ်သိမ်းပိုင်း) |
| ၇း၁၀ | Style ရှိမှ Star ဖြစ်မယ် |
| ၈း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၄၄) |

## Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉း၃၀ | Newcastle- Stoke | (Star Sports) |
| ၁၀း၃၀ | Liverpool- Tottenham | (Fox Sports)(MRTV-4) |

## Spain Laliga ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅း၀၀ | Athletic Club - Valencia | (Fox Sports) |

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၂း၃၀ | Celta de Vigo- Real Madrid | (Star Sports) |
| ၂း၃၀ | Atletico Madrid -Real Sociedad | (Star Sports) |

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။







တက္ကသိုလ်များသည် ဝန်ထမ်းများနှင့် ဝန်ထမ်းလောင်းများအား အခြေခံသင်တန်းများပေးခြင်း၊ ဝန်ထမ်းများအတွက် ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသည့် မွမ်းမံသင်တန်းများ ပေးခြင်းနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို လည်းကောင်း၊ ဝန်ထမ်းလေ့ကျင့်ရေးဆိုင်ရာ ပညာရပ်များသုတေသနပြုခြင်းကိုလည်းကောင်း ရာထူးဝန်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၃၆။ ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်စေရန် အထောက်အကူပြုမည့် စီမံခန့်ခွဲမှု၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အထွေထွေပညာမြင့်မားမှုတို့အတွက် လေ့ကျင့်ပညာပေးမှုများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဝန်ထမ်းအဖွဲ့အစည်းအလိုက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## စည်းကမ်းထိန်းသိမ်းရေး
### ဝန်ထမ်းကျင့်ဝတ်နှင့်လုပ်ငန်းခွင်စည်းကမ်းများကို လိုက်နာရခြင်း

၃၇။ ဝန်ထမ်းသည် ဤဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည့်အပြင် ဝန်ထမ်းအဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနှင့် ဝန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် လုပ်ငန်းခွင် စည်းကမ်းများကိုလည်း စောင့်ထိန်းလိုက်နာရမည်။

**ဌာနဆိုင်ရာအရေးယူခြင်း**

၃၈။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ အတွက်ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့် ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန် ဆောင်ရွက်ရမည်။

၃၉။ ဝန်ထမ်းသည် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ယင်းကျူးလွန်သည့် ပြစ်မှုနှင့် ချမှတ်သည့်ပြစ်ဒဏ်တို့အား ထောက်ရှု၍ ထိုဝန်ထမ်းကို စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်အရ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ရန် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။

၄၀။ ဝန်ထမ်းအား တရားစွဲဆိုသောအမှုနှင့် စပ်လျဉ်း၍ တရားရုံးက စွဲချက်မတင်မီ လွှတ်ခြင်း သို့မဟုတ် အပြီးပြတ်လွှတ်ခြင်း အမိန့်တစ်စုံတစ်ရာချမှတ်စေကာမူ ယင်းတရားစွဲဆိုသောအမှုသည် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းခြင်း သို့မဟုတ် စည်းကမ်းဖောက်ဖျက်ခြင်း သို့မဟုတ် တာဝန်ပျက်ကွက်ခြင်း သို့မဟုတ် ကိုယ်ကျင့်တရားပျက်ပြားခြင်းနှင့် အကျုံးဝင်သည့် ကိစ္စဖြစ်ပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ယင်းဝန်ထမ်းကို ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။

၄၁။ ဝန်ထမ်း၌ အပြစ်ရှိကြောင်းပေါ်လွင်ထင်ရှားနေသည့် ကိစ္စတွင် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ထိုက်သင့်သည့် ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

**တာဝန်မှယာယီရပ်ဆိုင်းခြင်း**

၄၂။ ဝန်ထမ်းကို ဌာနဆိုင်ရာအရေးယူရာတွင် ရှေးဦးစုံစမ်းမှုပြုလုပ်ခြင်း သို့မဟုတ် ဌာနဆိုင်ရာ စစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာခြင်းတို့ ဆောင်ရွက်နေစဉ် ယင်းဝန်ထမ်းအား တာဝန်မှ ယာယီရပ်ဆိုင်းထားနိုင်သည်။ တာဝန်မှ ယာယီရပ်ဆိုင်းထားသည့် ဝန်ထမ်းအား သတ်မှတ်ချက်များနှင့်အညီ စားစရိတ်ထောက်ပံ့ကြေးနှင့် အခြားရခွင့်ရှိသည့် စရိတ်ကြေးငွေများကို ခံစားခွင့်ပြုရမည်။

**ရှေးဦးစုံစမ်းမှုပြုလုပ်ခြင်း**

၄၃။ ဝန်ထမ်းအား လိုအပ်ချက်အရ ရှေးဦးစုံစမ်းမှုပြုလုပ်ရာတွင်-

(က) ရှေးဦးစုံစမ်းမှုခံရသည့် ဝန်ထမ်း၏အဆင့်ကို မူတည်၍ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက ရှေးဦးစုံစမ်းရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကို ထုတ်ပြန်ပြီး ယင်းအမိန့်တွင် ရှေးဦးစုံစမ်းရေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကာလတို့ကို သတ်မှတ်ရမည်။

(ခ) ရှေးဦးစုံစမ်းရေးအဖွဲ့သည် ရှေးဦးစုံစမ်းမှုအမှုတွဲဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စာရွက်စာတမ်းများ၊ သက်သေထွက်ဆိုချက်များနှင့် အခြားအထောက်အထားများကို စနစ်တကျမှတ်တမ်းတင်ထားရှိရမည်။

(ဂ) ရှေးဦးစုံစမ်းရေးအဖွဲ့သည် စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်များပါရှိသည့် အစီရင်ခံစာကို ယင်းအဖွဲ့အား ဖွဲ့စည်းပေးသော သက်ဆိုင်ရာအကြီးအမှူးထံတင်ပြရမည်။

၄၄။ စုံစမ်းခြင်းခံရသည့်ဝန်ထမ်းကို ရှင်းလင်းချေပခွင့်ပေး၍ ယင်း၏ရှေ့၌ သက်သေများကို စစ်ဆေးရမည့်အပြင် ပြန်လှန်မေးခွန်းများကိုလည်း မေးမြန်းခွင့်ပြုရမည်။

**ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ခြင်း**

၄၅။ ရှေးဦးစုံစမ်းမှု တွေ့ရှိချက်များအရ ဌာနဆိုင်ရာ စစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါက ဆောလျင်စွာ စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူထံ ထောက်ခံတင်ပြရမည်။

၄၆။ ဝန်ထမ်းအား ဌာနဆိုင်ရာစစ်ဆေးမှု ပြုလုပ်ရာတွင် ဌာနဆိုင်ရာစစ်ဆေးမှုခံရသည့် ဝန်ထမ်း၏အဆင့်ကို မူတည်၍ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ဌာနဆိုင်ရာစစ်ဆေးရေး အဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကို ထုတ်ပြန်ပြီး ယင်းအမိန့်တွင် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကာလတို့ကို သတ်မှတ်ရမည်။

၄၇။ ဝန်ထမ်းက ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌကိုလည်းကောင်း၊ အဖွဲ့ဝင် တစ်ဦးဦးကို လည်းကောင်း ကန့်ကွက်နိုင်သည်။

၄၈။ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့သည်-

(က) ဌာနဆိုင်ရာစစ်ဆေးမှု အမှုတွဲဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စာရွက်စာတမ်းများ၊ သက်သေထွက်ဆိုချက်များ၊ အခြားအထောက်အထားများနှင့် စစ်ဆေးတွေ့ရှိချက်များကို စနစ်တကျမှတ်တမ်းတင်ထားရှိရမည်။

(ခ) ဌာနဆိုင်ရာစစ်ဆေးခြင်းခံရသည့် ဝန်ထမ်းကို ရှေးဦးစွာ စွဲချက်တင်၍ စွဲချက်လွှာကို ဝန်ထမ်းထံပေးပို့ပြီး အချိန်လုံလောက်စွာပေး၍ ချေပလွှာ တင်ပြခွင့် ပေးရမည်။

(ဂ) ဝန်ထမ်း၏ ချေပလွှာကိုလက်ခံရရှိသည့်အခါ သက်သေများကို စစ်ဆေး၍ သက်သေထွက်ဆိုချက်များအား စနစ်တကျမှတ်တမ်းတင်ရမည်။ ဌာနဆိုင်ရာ စစ်ဆေးခြင်းခံရသည့် ဝန်ထမ်းကိုယ်တိုင်လာရောက်၍ ထုချေဖြေရှင်း ထွက်ဆိုလိုပါက ခွင့်ပြုရမည်။ ယင်းသို့ ဝန်ထမ်းကိုယ်တိုင်လာရောက်၍ ထုချေဖြေရှင်းသည့်အခါ ဝန်ထမ်းက တောင်းဆိုလျှင် ယင်းကိုကူညီရန် ရှေ့နေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ခွင့်ပြုနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံ တင်ပြရမည်။

(င) ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာတွင် အမှုအကြောင်းအရာ အကျဉ်းချုပ်၊ စွဲချက်၊ စစ်ဆေးတွေ့ရှိချက်၊ ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်တို့ကို ဖော်ပြရမည်။

၄၉။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ဌာနဆိုင်ရာစစ်ဆေးမှုနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ပြီး အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ထမ်းထံသို့ ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့် နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနအကြီးအမှူးထံ အယူခံလွှာတင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။

၅၀။ ပုဒ်မ ၄ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများတွင် ခန့်ထားခြင်းခံရသော ဝန်ထမ်းများအား ဌာနဆိုင်ရာစစ်ဆေးမှုနှင့် စပ်လျဉ်း၍ ချမှတ်သည့် အမိန့်ကို သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဝန်ထမ်းထံသို့ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့် နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနအကြီးအမှူးထံ အယူခံလွှာတင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။

၅၁။ စည်းကမ်းထိန်းသိမ်းရေး ထိရောက်လျင်မြန်စေရန်နှင့် လုပ်ငန်းတာဝန်လစ်ဟင်းမှု မရှိစေရန်အလို့ငှာ ဌာနဆိုင်ရာစစ်ဆေးမှုများကို ကြန့်ကြာခြင်းမရှိစေဘဲ ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

၅၂။ ဌာနဆိုင်ရာ စစ်ဆေးမှု ပြီးဆုံးသည့်အခါ ဝန်ထမ်းတွင် အပြစ်မရှိကြောင်း တွေ့ရှိပါက စစ်ဆေးမှုခံခဲ့ရခြင်းကြောင့် ယင်းဝန်ထမ်း၏ ဝန်ထမ်းရေးရာ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှု မရှိစေရန် ဆောင်ရွက်ပေးရမည်။

## အခန်း(၁၁)
## ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်း

**ပြစ်ဒဏ်များ**

၅၃။ ဌာနဆိုင်ရာ အရေးယူမှုများတွင် အောက်ဖော်ပြပါ ပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချမှတ်နိုင်သည်-

(က) စာဖြင့်သတိပေးခြင်း၊

(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊

(ဂ) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(ဃ) လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊

(င) ရာထူးအဆင့်လျှော့ချခြင်း၊

(စ) ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆုံးရှုံးမှုတန်ဖိုးအပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးလျော်စေခြင်း၊

(ဆ) တာဝန်မှယာယီရပ်ဆိုင်းခဲ့သည့်ကာလအတွက် လစာအပြည့်ခံစားခွင့်မပြုခြင်း သို့မဟုတ် ထိုကာလကို တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း၊

(ဇ) ရာထူးမှ ထုတ်ပယ်ခြင်း၊

(ဈ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း။

၅၄။ ဝန်ထမ်းအား ပြစ်ဒဏ်ချမှတ်သည့်အခါ-

(က) ပညာပေးပြုပြင်ရေးနှင့် စည်းကမ်းထိန်းသိမ်းမှု ထိရောက်ရေးတို့ကို ဦးတည်ချက်ထားရမည်။

(ခ) ပြစ်မှုနှင့် ပြစ်ဒဏ် လိုက်လျောညီထွေရှိစေရမည်။

၅၅။ ဝန်ထမ်းသည် ဌာနဆိုင်ရာအရေးယူမှုတွင် ချမှတ်သည့် ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အယူခံခွင့်ရှိစေရမည်။

## အခန်း(၁၂)
## အငြိမ်းစားယူခြင်း

**ပင်စင်အမျိုးအစားများ**

၅၆။ ဝန်ထမ်းသည် အောက်ပါပင်စင်အမျိုးအစားများအနက်မှ တစ်မျိုးမျိုးကို ခံစားခွင့်ရှိသည်-

(က) သက်ပြည့်ပင်စင်၊

(ခ) နှစ်ပြည့်ပင်စင်၊

(ဂ) နာမကျန်းပင်စင်၊

(ဃ) လျော်ကြေးပင်စင်၊

(င) အထူးပင်စင်၊

(စ) မိသားစုပင်စင်၊

(ဆ) လျှော့ပေါ့ပင်စင်။

၅၇။ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှတစ်ပါး ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်ပြည့်သောအခါ အငြိမ်းစားယူရမည်။ ထိုသို့ အငြိမ်းစားယူရသည့်အခါ ဝန်ထမ်းသည် သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့်ရှိစေရမည်။

၅၈။ ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်မပြည့်သေးသော်လည်း အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်။ သတ်မှတ်လုပ်သက် မပြည့်သေးသည့် ဝန်ထမ်းကို အငြိမ်းစားယူရန်လိုအပ်သည့်ကိစ္စရပ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က ဤကိစ္စအလို့ငှာ တာဝန်လွှဲအပ်ထားသည့်အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ပင်စင်ခံစားခွင့်ပြုနိုင်သည်။

၅၉။ ဝန်ထမ်းသည် မကျန်းမာ၍ တာဝန်ကိုဆက်လက်မထမ်းဆောင်နိုင်သည့်အခါတွင် သတ်မှတ်ထားသော ဆေးအဖွဲ့၏ ထောက်ခံချက်ဖြင့် နာမကျန်းပင်စင်ခံစားခွင့်ရှိစေရမည်။

၆၀။ ရာထူးတစ်ခုကို ဖျက်သိမ်းလိုက်သည့်အခါ ထိုရာထူး၌ ခန့်ထားသည့်ဝန်ထမ်းကို အခြားရာထူးတစ်ခုသို့ ပြောင်းရွှေ့နေရာချထားခြင်းမပြုနိုင်ပါက လျော်ကြေးပင်စင်ခံစား ခွင့်ပြုရမည်။

၆၁။ ဝန်ထမ်းသည် တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ရောဂါရရှိသည့်အခါတွင်ဖြစ်စေ၊ ထိခိုက်အနာတရဖြစ်သည့်အခါတွင်ဖြစ်စေ၊ မသန်စွမ်းဖြစ်သည့်အခါတွင်ဖြစ်စေ အထူးပင်စင်ခံစားခွင့် ရှိစေရမည်။

၆၂။ အသက် ၅၅ နှစ်ပြည့်ပြီးဖြစ်သောဝန်ထမ်းသည် အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့်တောင်းခံလာပါက ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်းမပြုရ။

၆၃။ အသက် ၅၅ နှစ်ပြည့်ပြီးဖြစ်သော ဝန်ထမ်းသည် လုပ်သက်နှစ် ၂၀ ကျော်လွန်လျှင်သော်လည်းကောင်း၊ အသက် ၅၀ နှစ်ပြည့်ပြီးသော ဝန်ထမ်းသည် လုပ်သက် ၂၅ နှစ် ကျော်လွန်လျှင်သော်လည်းကောင်း လျှော့ပေါ့ပင်စင် ခံစားခွင့်တောင်းခံနိုင်သည်။

၆၄။ ဝန်ထမ်းတစ်ဦးသည် အသက်ပြည့်၍ အငြိမ်းစားယူခြင်း၊ သတ်မှတ်ထားသော လုပ်သက်နှစ်ပြည့်၍အငြိမ်းစားယူခြင်း၊ နာမကျန်းပင်စင်ယူခြင်း၊ လျော်ကြေးပင်စင်ခံစားခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခုဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကိုရခွင့်ရှိသည်။

**အငြိမ်းစားယူခြင်းနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များ**

၆၅။ လျော်ကြေးပင်စင် သို့မဟုတ် နာမကျန်းပင်စင်ယူပြီးနောက် ဝန်ထမ်းအဖြစ် ပြန်လည်ခန့်ထားခြင်းခံရသူသည် လုပ်သက်ဆုငွေကို ပြန်လည်အမ်းလျှင် သို့မဟုတ် ပင်စင်လစာကို ပြန်ခန့်ချိန်၌ ရပ်ဆိုင်းထားလျှင် ထိုဝန်ထမ်းယခင်ထမ်းဆောင်ခဲ့သည့် လုပ်သက်ကာလကိုလည်းကောင်း၊ ရာထူးမှထုတ်ပယ်ခြင်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရပြီးနောက် ပြစ်ဒဏ်ပြန်လည်သုံးသပ်ခြင်းကြောင့်ဖြစ်စေ၊ဝန်ထမ်းက အယူခံ၍ဖြစ်စေ ပြန်လည်ခန့်ထားခြင်းခံရပါက ထိုဝန်ထမ်း၏ ယခင်ထမ်းဆောင်ခဲ့သည့် လုပ်သက်ကာလကိုလည်းကောင်း ပင်စင်ကိစ္စအလို့ငှာ ထည့်သွင်းရေတွက်ခွင့်ပြုနိုင်သည်။

၆၆။ ဝန်ထမ်းတစ်ဦးသည် တာဝန်မှ ယာယီရပ်ဆိုင်းထားစဉ် အငြိမ်းစားယူရမည့် အသက်ပြည့်စေကာမူ စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အပြီးသတ်အမိန့်မချမှတ်ရသေးမီ ယင်းဝန်ထမ်းအား အငြိမ်းစားယူခွင့်မပြုရ။

၆၇။ လုပ်သက်ဆုငွေကို လုပ်သက်နှစ်အလိုက်ပြဋ္ဌာန်းထားသော ခံစားခွင့်ပြုရမည့် ရာခိုင်နှုန်းအရ လုပ်သက်နှစ်အပေါ် ခံစားခွင့်ရှိသည်။

၆၈။ ပင်စင်ခံစားခွင့်ကို လုပ်သက်နှစ်အလိုက်ပြဋ္ဌာန်းထားသော ခံစားခွင့်ပြုရမည့် ရာခိုင်နှုန်းအရ ခံစားခွင့်ရှိသည်။

၆၉။ ဝန်ထမ်းက ဆန္ဒပြုပါက နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများနှင့်အညီ တစ်လုံးတည်း ပင်စင်လဲလှယ်ခွင့်ရှိသည်။

၇၀။ ဝန်ထမ်းတစ်ဦးအမှုထမ်းနေစဉ်ဖြစ်စေ၊ အငြိမ်းစားယူပြီးနောက်ဖြစ်စေ ကွယ်လွန်လျှင် ကျန်ရစ်သူမိသားစုသည် မိသားစုပင်စင်ခံစားခွင့်ရှိစေရမည်။

## အခန်း(၁၃)
## ဝန်ထမ်းမှတ်တမ်း

၇၁။ ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရသည်မှ အစပြု၍ အငြိမ်းစားယူသည်အထိ ဝန်ထမ်းဖြစ်စဉ်ဖော်ပြသည့် ဝန်ထမ်းမှတ်တမ်းစာအုပ်ကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းက ထိန်းသိမ်းထားရှိရမည်။

၇၂။ ဝန်ထမ်းသည် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်လျှင် ယင်း၏ ဝန်ထမ်းမှတ်တမ်း စာအုပ်ကို သက်ဆိုင်ရာဌာနက ယင်းကူးပြောင်းတာဝန်ထမ်းဆောင်သည့်ဌာနသို့ ပေးပို့ရမည်။

## အခန်း (၁၄)
## အထွေထွေ

၇၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများအား ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်ထားရာတွင်ဖြစ်စေ၊ တာဝန်ပေးအပ်ရာတွင်ဖြစ်စေ၊ အခွင့်အရေးခံစားခွင့်ပြုရာတွင်ဖြစ်စေ၊ ရာထူးတိုးမြှင့်ရာတွင်ဖြစ်စေ သတ်မှတ်သောအရည်အချင်းနှင့် ပြည့်စုံပါက လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ခွဲခြားမှုမပြုရ၊ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များ အတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို အဟန့်အတားမဖြစ်စေရ။

၇၄။ ဝန်ထမ်းတစ်ဦးဖြစ်ရန် ပြည့်စုံရမည့်အချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနက လုပ်ငန်းလိုအပ်ချက်အရ သတ်မှတ်နိုင်သည်။

၇၅။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် ဝန်ထမ်းရေးရာနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၇၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ရာထူးဝန်အဖွဲ့သည် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ရာထူးဝန်အဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။)
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော "တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး" ဆိုသည့်စကားရပ်၏နောက်၌ "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ (ဂ)၏နောက်၌ ပုဒ်မခွဲ (ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊"

(ခ) ပုဒ်မ (ဃ)နှင့် (င)တို့ကို ပုဒ်မခွဲ (င)နှင့် (စ)တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၅ ၌ပါရှိသော "တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးနှင့်"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၆ ၌ ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး"ဆိုသည့်စကားရပ်၏ နောက်တွင် "တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပါရှိသော ပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄နှင့် ၂၅ တို့ကို ပုဒ်မ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃ နှင့် ၂၄ တို့ဖြင့် ပြောင်းလဲ အမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်(ဆူးလေဘဏ်ခွဲ) ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၉**

အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဆူးလေဘဏ်ခွဲ)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ပန်းဘဲတန်းမြို့နယ် ဆူးလေဘုရားလမ်းရှိ အဆိုပါဘဏ်အဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ထူးကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ ဦးတေဇ၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးသန်းရီတို့က ဆူးလေဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆူးလေဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်အနေဖြင့် ယနေ့ဖွင့်လှစ်သည့် ဆူးလေဘဏ်ခွဲအပါအဝင် ဘဏ်ခွဲပေါင်း ၂၉ ခု ဖွင့်လှစ်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အမီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် မတ် ၄ ရက် နံနက်ပိုင်းတွင် ချောက်-ရေနံချောင်း-မကွေးလမ်း တစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အရှည်ပေ ၇၂၀ ရှိ ပင်းချောင်းတံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာများအား တွေ့ဆုံမှာကြားကာ တံတားတည်ဆောက်မှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လေယာဉ်ကွင်း အထူးအဖွဲ့(၅)က တာဝန်ယူဆောင်ရွက်လျက်ရှိသော မလွန်-မိကျောင်းရဲ-သစ်ရာကောက်လမ်းအား ၁၈ ပေ အကျယ် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး အထူးစီမံကိန်းကြီးတည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်လျက်ရှိသော မကြာမီဖွင့်လှစ်တော့မည့် ရေဝတီတံတား (မလွန်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်ထားသည့် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ တံတားကြီးရေရှည်ခိုင်ခံ့ ကောင်းမွန်စေရေးအတွက် စံချိန်စံညွှန်းများ တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်တွင် ပစ္စည်းများ အလေအလွင့်မရှိစေရေး တာဝန်ရှိ အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် တံတားချဉ်းကပ်လမ်းပေါ်တွင် ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပင်မတံတားပေါ်တွင် Decking Slab Joint များ ကွန်ကရစ် သွန်းလောင်းပြီးစီးမှုနှင့် အပြီးသတ်လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ထားဝယ်မြို့ ရွှေတောင်စားစေတီတော်မြတ်ကြီးအား ထီးတော်သစ်တင်လှူပူဇော်မည်

**ထားဝယ် မတ် ၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ လွန်ခဲ့သော ၁၁၂၄ ခုနှစ်က ရွှေတောင်စားမင်း မင်းရှင်ဖော်တည်ထားကိုးကွယ်ခဲ့သည့် ရွှေတောင်စားစေတီတော်မြတ်ကြီး**(အပေါ်ပုံ)**၏ ထီးတော်အား မင်းအဆက်ဆက်တင်လှူပူဇော်ခဲ့ရာ ၁၂၇၃ ခုနှစ်တွင် တင်လှူပူဇော်ခဲ့သည့် တတိယမြောက် ထီးတော်သည် (၁၀၁)နှစ်ကြာမြင့်ပြီဖြစ်၍ ရာသီဥတုဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုများ ရှိလာသည်။

ရွှေတောင်စားစေတီတော် နှစ် (၂၅၀) ပြည့် အထိမ်းအမှတ်ပွဲတော်အမီ စေတီတော်မြတ်ကြီးအား ရွှေထီးတော်အသစ်နှင့်အတူ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၂ ရက် (မတ် ၁၃ ရက်)နေ့ နံနက်မင်္ဂလာအခါတွင် တင့်တယ်ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရွှေတောင်စားစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်ကို ထားဝယ်မြို့ ဘုရားကြီးဝင်း ဓမ္မာရုံအတွင်း၌ အပူဇော်ခံထားရှိရာ ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြပြီး ကုသိုလ်ပြုပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဘုရားဂေါပကရုံး ဖုန်း ၀၅၉-၂၁၁၆၁ နှင့် ဦးစီးကော်မတီရုံး ၀၅၉-၂၂၂၀၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဇ၅၂)**







# တက္ကစီများ စည်းစနစ်ကျ မောင်းနှင်ရေး မထသ(ဗဟို)မှ ကွပ်ကဲသွားမည်

**ရန်ကုန် မတ် ၉**

ရန်ကုန်မြို့တွင်း မောင်းနှင်ပြေးဆွဲလျက်ရှိသော တက္ကစီယာဉ်များ စည်းစနစ်ကျမောင်းနှင်ပြေးဆွဲသွားနိုင်ရန် လာမည့်ဧပြီ ၁ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီက တိုက်ရိုက်ကိုင်တွယ် ကွပ်ကဲသွားမည်ဖြစ်ကြောင်း မတ် ၆ ရက်တွင် ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲမှ သတင်းရရှိသည်။

ယခုလတ်တလောတွင် တက္ကစီယာဉ်များ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော လုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများ အကျွမ်းတဝင်ဖြစ်စေရန် အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်တို့တွင် နှစ်ဦးစီ၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တွင် တစ်ဦးစီ မထသဝန်ထမ်းများကို မထသ(ဗဟို)မှ တာဝန်ချကာ ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများတွင် တွဲဖက်လုပ်ကိုင်နေပြီး မတ် ၃၁ ရက်တွင် အပြီးလွှဲပြောင်းရန်ညှိနှိုင်းကြောင်းနှင့် ဧပြီ ၁ ရက်မှစ၍ မထသ(ဗဟို)မှ တိုက်ရိုက်ကွပ်ကဲသွားရန် စီစဉ်ကြခြင်းဖြစ်သည်။

ရန်ကုန်မြို့သို့ ယခုအခါ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်မှုပိုလာခဲ့ပြီး တက္ကစီယာဉ်များမှာ ပြည်တွင်းခရီးသည်များအတွက်သာမက ကမ္ဘာလှည့်ဧည့်သည်များအတွက်လည်း အသုံးဝင်လာခဲ့ကြောင်း၊ ဝန်ဆောင်မှုကောင်းမွန်ရုံသာမကဘဲ လုံခြုံစိတ်ချမှု ပေးနိုင်သော Safety ပိုင်းလည်း အရေးပါလာလျက်ရှိပြီး တစ်ဆင့်ချင်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုတက္ကစီယာဉ်များကို ကွပ်ကဲရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မထသ(ဗဟို)သို့ တာဝန်ပေးချက်နှင့်အညီ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး လုပ်ငန်းအဆင့်ဆင့်ကိုတင်ပြ၍ လမ်းညွှန်ခွင့်ပြုချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက္ကစီယာဉ်တစ်စီးကို ကြည့်ရုံဖြင့် မည်သည့်ခရိုင်မှ ယာဉ်ဖြစ်သည်ကို သိနိုင်ရန်အတွက် အမှတ်တံဆိပ်များတပ်ရန် လည်းကောင်း၊ မီတာဖြင့် တွက်ချက်၍ ယာဉ်စီးခကောက်ခံရန်ကိုလည်းကောင်း ဆွေးနွေးကြကြောင်း သိရသည်။

ထိုတက္ကစီယာဉ်များနှင့် ပတ်သက်၍ စာရင်းများကွဲလွဲမှုရှိနေခြင်းကြောင့် ကိန်းဂဏန်းများ တိတိကျကျ သိရှိရန် လုပ်ဆောင်နေပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ပျမ်းမျှတက္ကစီစီးရေမှာ ၂၂၀၀၀ ကျော်ရှိကာ အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်တို့တွင် စီးရေများပြားစွာရှိနေကြောင်း သိရသည်။

**(၆၈၀)**

**သင့်ကြောင့် မီးမလောင်ပါစေနှင့်**

# ဟံသာဝတီလေယာဉ်ကွင်းအတွက် ပြောင်းရွှေ့ရသူများအဆင်ပြေ

**ပဲခူး မတ် ၉**

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းကို ဇူလိုင်လတွင် စတင်တည်ဆောက်တော့မည်ဖြစ်ရာ လေယာဉ်ကွင်း တည်ဆောက်မည့်ဧရိယာအတွင်း မလွတ်ကင်းသော ဝါးမရမ်းကျေးရွာ၊ တံကူပျဉ်ကျေးရွာ၊ မွန်စုကျေးရွာ၊ ဆပ်ပြာကျင်းကျေးရွာ၊ နွားတဲကုန်းကျေးရွာ၊ ဘောင်းတော်ကျားကျေးရွာခြောက်ခုရှိ အိမ်ထောင်စု ၄၀၉ စုအား သက်ဆိုင်ရာက စနစ်တကျ အိမ်ရာကွက်များရိုက်ကာ မတ် ၄ ရက်က မဲနှိုက်ပြီး နေရာချထားပေးခဲ့သည်။

နေရာချထားပေးသည့်နေရာမှာ ပဲခူးတက္ကသိုလ် အနောက်ခြမ်း (ရှင်ဆောင်း) အထည်ချုပ်စက်ရုံနောက်ကျောဘက်တွင် အလျား ၂၅ ပေ၊ အနံပေ ၄၀ အကျယ်အဝန်းရှိပြီး နေထိုင်သူများအဆင်ပြေစေရေးအတွက် နှစ်လက်မ အဝီစိတွင်းနှစ်တွင်း တူးဖော်လျက်ရှိသည်။**(ယာပုံ)** လက်နှိပ်တုံကင် ၂၀ ကိုလည်းဆက်လက်တူးဖော်ပေးမည်ဖြစ်သည်။ ပြောင်းရွှေ့သူများကို တစ်ပတ်စာရိက္ခာပေးပြီး အိမ်သာခွက်များလည်း ပေးအပ်ခဲ့သည်။ ထို့ပြင် လေကြောင်းဦးစီးဌာနမှ ပြောင်းရွှေ့စရိတ် ငွေကျပ်တစ်သိန်းထောက်ပံ့ပြီး 315 KVA ထရန်စဖော်မာနှစ်လုံးကိုလည်း တည်ဆောက်ပေးမည်ဖြစ်ရာ အခက်အခဲမရှိအဆင်ပြေကြောင်း ပြောင်းရွှေ့နေထိုင်သူများက ပြောသည်။

**(၄၀၃)**



# အီးပင်စင်ကတ်ဖြင့် ပင်စင်လစာထုတ်ပေး

**ထီးလင်း မတ် ၉**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်ရှိ ဝန်ထမ်းအငြိမ်းစားများအား မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ဖေဖော်ဝါရီလမှစ၍ e-pension ကတ်များပြုလုပ်စေပြီး ယင်းကတ်ဖြင့် ပင်စင်လစာများကို စတင်ထုတ်ပေးလျက်ရှိသည်။

e-pension ကတ်ဖြင့်ပင်စင်လစာထုတ်ပေးနိုင်သဖြင့် ဝန်ထမ်းအငြိမ်းစားများ လစဉ်ဆောင်ရွက်ကြရသည့် ပင်စင်ပုံစံတင်ရခြင်း၊ တံဆိပ်ခေါင်းကပ်ရခြင်း၊ တစ်လလျှင် နှစ်ခေါက်လာရခြင်းတို့မှ ကင်းလွတ်သည့်အပြင် ကိုယ်တိုင်မလာရောက်နိုင်က ကိုယ်စားလှယ်လွှဲစာဖြင့်လည်း လွယ်လင့်တကူ ထုတ်ယူရရှိနိုင်ကြသဖြင့် အငြိမ်းစားဝန်ထမ်းများ ဝမ်းသာလျက်ရှိသည်။

ထီးလင်းဘဏ်ခွဲတွင်အငြိမ်းစားလစာထုတ်ယူသူ ၇၀၀ ကျော်ရှိ၍ စတင်ဆောင်ရွက်သည့် ဖေဖော်ဝါရီလတွင် အငြိမ်းစားဝန်ထမ်း ၅၀၀ ကို e-pension ကတ်များဖြင့် ထုတ်ပေးခဲ့ပြီး ကျန်အငြိမ်းစားဝန်ထမ်းများကိုလည်း ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**(၄၆၅)**

# ကိုရီးယား-မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ နေပြည်တော်တွင် အင်တာနက်အခမဲ့သုံးစွဲခွင့်ပြု

**နေပြည်တော် မတ် ၉**

ကိုရီးယားနိုင်ငံ National Information society သည် မြန်မာနိုင်ငံ ဆက်သွယ်ရေးသတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နေပြည်တော်တွင် Myanmar-Korea Information Acess Center ထူထောင်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အင်တာနက်အခမဲ့ သုံးစွဲခွင့်ပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ Myanmar-Korea Information Acess Center သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ ဗဟိုစာတိုက်ကြီးအတွင်း တည်ရှိကြောင်း သိရှိရသည်။

"ယခုဆိုရင် ကျွန်မတို့ Myanmar-Korea Information Acess Center မှာ ကွန်ပျူတာအလုံး အရေအတွက် ၅၇ လုံးရှိပြီး အင်တာနက်အခမဲ့လာရောက်သုံးစွဲသူတွေ တဖြည်းဖြည်းများပြားလာပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ပြည်သူတွေ အင်တာနက်ကတစ်ဆင့် အသိပညာ အတတ်ပညာ ဗဟုသုတတွေ တိုးပွားစေချင်လို့ပါ၊ ပြည်သူတွေ အင်တာနက်အလွယ်တကူ အသုံးပြုတတ်စေဖို့ ကွန်ပျူတာသင်တန်းတွေ၊ အင်တာနက်သင်တန်းတွေကိုလည်း အခမဲ့သင်ကြားဖွင့်လှစ်သွားမှာပါ၊ National Information society ဟာ အခုကျွန်မတို့နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၃၀ မှ Information Acess Center တွေဖွင့်ထားတယ်လို့သိရတယ်၊ စိတ်ပါဝင်စားသူတွေ အနေနဲ့ ကျွန်မတို့စင်တာကို လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါတယ်" ဟု စင်တာတာဝန်ခံ မငြိမ်းငြိမ်းက ရှင်းပြသည်။

**(မောင်မင်းမင်း-ကလေး)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားအသုံးပြုခ ကောက်ခံရေးလုပ်ငန်းများအတွက် မဲစနစ်ဖြင့် လေလံတင်ရောင်းရန်ကြော်ငြာခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ လမ်း/တံတားအသုံးပြုခ ကောက်ခံရေးဂိတ်(၁၉)ခုတို့၏ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွက် (၁-၄-၂၀၁၃ မှ ၃၁-၃-၂၀၁၄)ထိ လမ်း/တံတား အသုံးပြုခကောက်ခံခြင်း လုပ်ပိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများသို့ မဲစနစ်ဖြင့် ၁၅-၃-၂၀၁၃ရက် ၉း၀၀နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံး၊ အစည်းအဝေးခန်းမတွင် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

**(က) ပြည်ထောင်စုလမ်းပေါ်ရှိ လမ်းဂိတ်များ**

| | | |
|---|---|---|
| (၁) ရွှေဘိုခရိုင် | မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်း | ရွှေဘိုဂိတ် |
| (၂) ရွှေဘိုခရိုင် | မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း | စပါယ်နှံ့သာဂိတ် |
| (၃) မုံရွာခရိုင် | မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း | ပုလဲဂိတ် |
| (၄) မုံရွာခရိုင် | ယာကြီး-ကလေးဝလမ်း | ယာကြီး/စခန်းကြီးဂိတ် |
| (၅) မုံရွာခရိုင် | ပုသိမ်-မုံရွာလမ်း | ဆားလင်းကြီးဂိတ် |
| (၆) ကသာခရိုင် | မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း | ကျောက်တန်းဂိတ် |
| (၇) ကသာခရိုင် | တကောင်း-သာယာကုန်းလမ်း | မြတောင်ဂိတ် |
| (၈) ကလေးခရိုင် | ကလေး-ကျီကုန်း-တမူးလမ်း | အင်းဒိုင်းကြီးဂိတ် |
| (၉) ကလေးခရိုင် | ကလေး-ကျီကုန်း-တမူးလမ်း | ကျီကုန်းဂိတ် |
| (၁၀)တမူးခရိုင် | ကလေး-ကျီကုန်း-တမူးလမ်း | ပန်းသာဂိတ် |

**(ခ) တိုင်းဒေသကြီးလမ်းပေါ်ရှိ လမ်းဂိတ်**

| | | |
|---|---|---|
| (၁၁) မုံရွာခရိုင် | မုံရွာ-အရာတော်-ရွှေဘိုဖြတ်လမ်း | အရာတော်ဂိတ် |

**(ဂ) ပြည်ထောင်စုလမ်းပေါ်ရှိ တံတားဂိတ်များ**

| | |
|---|---|
| (၁) မုံရွာခရိုင် | မြောက်ယမားချောင်းတံတား(စီမံကိန်းဝင်) |
| (၂) ကသာခရိုင် | မဲဇာတံတား(သာမန်) |
| (၃) ကသာခရိုင် | ရွှေလီ(ငါးအို့)(စီမံကိန်းဝင်) |
| (၄) ကလေးခရိုင် | မြစ်သာ(ကလေးဝ)တံတား(စီမံကိန်းဝင်) |
| (၅) ကလေးခရိုင် | နေရဥ္စရာတံတား(သာမန်) |
| (၆) ကလေးခရိုင် | ဘုံချောင်းတံတား(သာမန်) |
| (၇) ခန္တီးခရိုင် | ဥရုတံတား(စီမံကိန်းဝင်) |

**(ဃ) တိုင်းဒေသကြီးလမ်းပေါ်ရှိ တံတားဂိတ်**

| | |
|---|---|
| (၈) ရွှေဘိုခရိုင် | သမရိုးတံတား(သာမန်) |

၂။ ဂိတ်တစ်ခုချင်းအလိုက်လေလံတင်သွင်းခွင့်လျှောက်လွှာများကို အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ထုတ်ယူနိုင်ပြီး လေလံတင်သွင်းလွှာများကို အင်ဂျင်နီယာမှူးကြီးရုံး၌ ၁၄-၃-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၄နာရီနောက်ဆုံးထား မှတ်ပုံတင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်စည်းကမ်းချက်များကို သိရှိလိုပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၂၅၄၃၊ ၀၇၁-၂၃၇၆၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံကြီးကြပ်ရေးအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

## (အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)

## မန္တလေးခရိုင်တရားရုံးတော်၌

## ၂၀၁၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၄

**ကွယ်လွန်သူ ဦးထွန်းလွင်(ခ)ကြောင်ငိုဟိ[၉/မနမ(နိုင်)၁၀၂၂၆၀]၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဦးကြောင်ငိုလင်(ခ)ဦးထွန်းမင်း **လျှောက်ထားသူ**

[၉/အမရ(နိုင်)၀၈၂၅၀၆]

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရွာနေ ဦးကြောင်ငိုလင်(ခ)ဦးထွန်းမင်း [၉/အမရ(နိုင်)၀၈၂၅၀၆]က ကွယ်လွန်သူ ဦးထွန်းလွင်(ခ)ကြောင်ငိုဟိ၏ ညီအစ်ကိုအရင်းဖြစ်သည်ဟူ၍ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်နေ ၎င်းကွယ်လွန်သူ ဦးထွန်းလွင်(ခ)ကြောင်ငိုဟိမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ၊ အက်ဥပဒေအရ လက်မှတ်စာကိုရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများသူတို့ ကြားသိစေခြင်းမှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးထွန်းလွင်(ခ)ကြောင်ငိုဟိမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူသူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၃ခုနှစ်၊ မတ်လ(၂၉)ရက်၊ (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးကြောင်ငိုလင်(ခ)ဦးထွန်းမင်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ်၊ မတ်လ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်ခင်လှ**

**ခရိုင်တရားသူကြီး**

**မန္တလေးခရိုင်တရားရုံး**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၅၀)၊ ဦးပိုင်အမှတ်(၅၃)၊ ၇၇လမ်း၊ ၃၈လမ်းထောင့် ဒေါ်ဇလတီ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်သန်းမြင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/သကတ(နိုင်)၀၆၂၄၀၀]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၃)၊ ဦးပိုင်အမှတ်(၅၉)၊ ၆၇×၆၈လမ်းကြား၊ အေးသုခနှင့်ရတနာလမ်း၊ ဒေါ်ခင်မျိုးဝင်း အမည်ပေါက် တောဂရန်မြေကွက်အား ဒေါ်ခင်မျိုးဝင်းနိုင်ငံသားစိစစ်ရေးကတ်အမှတ်[၈/မနတ(နိုင်)၀၆၇၀၀၉]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/ဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၅၀)၊ ဦးပိုင်အမှတ်(၇၉-ခ)၊ ၃၇လမ်း(၇၆×၇၇)လမ်းကြား၊ ဦးမှတ်တင်အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်အေးလွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁/မကတ(နိုင်)၀၂၄၀၃၆]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၈ဂ/၇၁၅၉၊ Khittara Wagon Sw (4×4)® ယာဉ်လက်ဝယ်ရှိသူအမည် ဦးဆိုင်းအောင်(ခ)မြင့်ရှင်း မှတ်ပုံတင်အမှတ်[၉/အမဇ(ဧည့်)၀၀၀၁၀၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁၁ယ/၂၅၀၅၅၊ Hensim 125 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးတင်ဆွေ မှတ်ပုံတင်အမှတ် [၉/မနမ(နိုင်)၀၃၅၆၀၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-ယ/၉၂၃၉၈၊ Honda C90 Custom CMR ယာဉ်လက်ဝယ်ရှိသူအမည် ဦးခင်မောင်ဌေး မှတ်ပုံတင်အမှတ် [၉/မနတ(နိုင်)၀၇၁၄၁၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၂၀ယ/၇၄၆၁၂ အမျိုးအမည် V-ANBO-125 အမျိုးအစား ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည်၊ Cho Thei San Co.,Ltd. ကုမ္ပဏီမှ ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၅ယ/၅၄၈၉၆၊ Honda Dream C100ms, M/C ယာဉ်လက်ဝယ်ရှိသူအမည်၊ ဦးခင်မောင်လေး မှတ်ပုံတင်အမှတ် [၉/မနတ(နိုင်)၀၇၁၄၀၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁၈ယ/၇၉၅၅၉၊ အမျိုးအမည် ဂျာလင်းအမျိုးအစား၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည်၊ ဒေါ်သင်းသင်းဌေး မှတ်ပုံတင်အမှတ်[၅/ကနန(နိုင်)၀၇၆၂၀၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့် ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာန**

**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ်ဘုန်းနိုင်



**(ယမန်နေ့မှအဆက်)**

အင်းဝကို မိမိ မရောက်ဖူး။ ထို့ကြောင့် ပတ်ဝန်းကျင်သည် ဘယ်သို့ရှိမည် မသိ။ သို့ရာတွင် စေတီတစ်ဆူကိုကား မြင်ထင်ကြည့်၍ရသည်။

စေတီတော်ခြေရင်းတွင် သူငယ်ပျိုတစ်ယောက်။ ဩော် . . . မိမိအရွယ်ခန့်ပါတကား။ လက်မှာကလည်း ပန်းခိုင်တွေနှင့်။ သူငယ်ပျိုသည် စေတီတော်ကို ရိုသေစွာ ဦးချကန်တော့နေသည်။

မြင့်နွယ်က မျက်လုံးများကို စာအုပ်ဆီပြန်ပို့ပြီး ဆက်ဖတ်၏။

"ရတနာပွင့်လှိုင်၊ မဥ္ဇူခိုင်နှင့်၊ ဦးတိုင်ချီမြှောက်၊ ကျွန်ုပ်လျှောက်အံ့၊ ဆယ့်ခြောက်နှစ်ပြည့်၊ မြင့်၏မထင်၊ မွတ်မွတ်စင်သား၊ မြိတ်သွင်လွှတ်စို့၊ ပြာသွယ်ညို့ကို၊ နတ်ကဲ့သို့ပင်၊ နောင်မင်းထင်သား . . ."

မြင့်နွယ်သည် ရပ်လိုက်ပြီး တွေးပြန်၏။

မြိတ်သွင်လွှတ်စို့။ သည်စကားကတော့ ငယ်ဆံတောက် ပြောင်းစအရွယ်၊ သည်လို နားလည်သည်။

ပြာသွယ်ညို့။ သည်စကားက ဘာကို ဆိုလိုပါသနည်း။ အထူးသဖြင့် ပြာဆိုသည့်စကားနှင့် ညို့ဆိုသည့် စကားတွေက သည်ပြာနှင့် ညိုဟူသောစကားကို ရှင်မဟာရဋ္ဌသာရလည်း သုံးသည်။ အခြားစာဆိုတွေလည်း အလွန်သုံးသည်။ ဘယ်လိုလှသော ပြာနှင့် ဘယ်လိုလှသော ညိုပါနည်း။

မြင့်နွယ်က ရတုတွင် သူအောက်ခြေမျဉ်းသားထားသော စာလုံးလေးတွေကို ကြည့်သည်။

"ရဝေတောင်လေး၊ ကိုယ်ရောင်ပြေးသည်၊ ညိုသွေးလဲ့လဲ့"၊ သည်ဟာက တစ်ခု။

"ငြိမ်သက်လဲ့လဲ့၊ နွဲ့နွဲ့ရှိမ်းရှိမ်း၊ ကြောစိမ်းငယ်နု၊ ညိုရောင်စုကို"၊ သည်ဟာက တစ်ပိုဒ်။

စင်သီယာ၏ မျက်နှာလေးက မျက်လုံးများတွင် ပေါ်လာသည်။

စင်သီယာ့အသားလေးက ဖြူဖြူစင်စင်လေး။ ညက်ညက်ညောညောလေး။ မွတ်မွတ်စင်သည်ဟု ဆိုနိုင်မည်။ အသွေးမဲ့ အရောင်မဲ့ ဖြူသည်တော့ မဟုတ်။ မွေးညင်းလေးတွေက ပြာပြာလဲ့လဲ့လေး လွှမ်းထားသေးသည်။ အကြောလေးတွေက ညို့ညို့စိမ်းစိမ်းလေး။ အရပ်လေးက ကြော့ကြော့သွယ်သွယ်။

ပြာသွယ်ညို့။ ဩော် . . . ပြာသွယ်ညို့ ဟူသည် သည်ဟာကိုပင် ဆိုသည်ထင်၏။

ရှင်မဟာရဋ္ဌသာရမှာ အကယ်ပင် သည်လိုလှသော 'ဝဏ္ဏပဘာ' အဟုတ်ရှိခဲ့သလော။ နောင်းလူတွေ အတုယူနိုင်ဖို့ စိတ်ကူးဖြင့် စပ်ထားခဲ့လေသလော။

ရှိခဲ့လျှင်တော့ ငယ်ကျွမ်းချစ်ပေ့။ သူလည်း ငယ်ငယ်၊ ကိုယ်လည်း ငယ်ငယ်။ အင်းလေ . . . ဟိုတစ်ပိုဒ်မှာလည်း "ငယ်ကျွမ်းချစ်နှင့်၊ ထပ်ရစ်လက်သင်၊ ထုံးစတွင်နှိုက်"ဟု စပ်ထားသေးသည်။ ဆံထုံးထုံးသင်စအရွယ်၊ အပျိုဖော်ဝင်စ၊ အလှပြင်တတ်စအရွယ်၊ ဩော် . . . စင်သီယာတို့အရွယ် တွေး၍ကောင်းနေခိုက် ရှေ့ရှိကန်ရေပြင်ထက် 'ပလုံ'ဟု ခဲကျသံ ကြားရ၏။

မြင့်နွယ်က နောက်သို့ လှည့်ကြည့်မိ၏။

ဩော် . . . စင်သီယာ၊ ကိုယ့်ပြာသွယ်ညို့။

စင်သီယာက အသံလေးများထွက်အောင် ဟက်ဟက်ပက်ပက်လေး ရယ်၏။ ပြီးမှ အပြေးကလေးလာကာ သူ့အနီးမြက်ခင်းပေါ်တွင် ဝင်ထိုင်၏။

"ငိုင်နေလိုက်တာ အကြာကြီးပဲ၊ စင်သီယာ ရောက်လာတာ မသိဘူးလား"

"ဩော် . . . ဟိုဒင်း ကိုယ်နည်းနည်း အတွေးလွန်သွားလို့"

"ဘာတွေ တွေးနေတာလဲ"

"ဟိုရောက်ဒီရောက်ပေါ့ စင်သီယာရယ်"

"စင်သီယာ နောက်ကျလို့ စိတ်ဆိုးနေတာလား"

"ကြုံကြုံဖန်ဖန် စင်သီယာရယ်၊ ကိုယ်က စင်သီယာ့ကို စိတ်ဆိုးဝံ့ရမလားတဲ့"

"ပိုတယ် . . . ချွဲတယ် . . . ဟွန်း"

စင်သီယာက လည်လေးကိုဆန့်ကာ မျက်နှာလေးကို တစ်ဖက်သို့ မလှည့်တလှည့်ပြုပြီး မျက်စောင်းလေး ထိုး၏။

မြင့်နွယ်က စင်သီယာသည် ခါတိုင်းကဲ့သို့ပင် ဆံပင်ကို ရိုးရိုးချထားသည်မဟုတ်ဘဲ တစ်မျိုးတစ်မည် ထုံးဖွဲ့လာသည်ကို သတိပြုမိ၏။

ခါတိုင်း ဆံပင်ကို ပခုံးဝဲအောင် ချထားစဉ်က လည်တိုင်၏အလှကို ပြည့်ပြည့်ဝဝ မမြင်ရ။ ယခုမှ ငွေငန်းဖြူလည်တိုင်သည် ရှင်းရှင်းသွယ်သွယ် ပေါ်နေ၏။

"ကြည့် . . . ဘာငေးနေပြန်တာလဲ"

"ဩော် . . . ဟိုဒင်း . . . ဒီနေ့ စင်သီယာက ဆံပင်ကို တစ်မျိုးထုံးလာလို့"

"ကြည့်ကောင်းလား"

"ဖိုးစိန်ကြီးဆိုတဲ့ သီချင်းကို သွားသတိရတယ်"

"ဘာရယ်"

"ဖိုးစိန်ကြီးက ဆိုတယ်၊ လှတဲ့သူဟာ သနပ်ခါးလိမ်းဖို့ မလိုဘူးတဲ့"

"အဲဒါက ဘာပြောတာလဲ"

"ဩော် . . . လှပြီးသူဟာ ဘာလုပ်လုပ် ဘယ်လိုနေနေ လှနေတာပဲတဲ့"

"ယူ့မျက်စိထဲမှာ စင်သီယာ တကယ်ပဲ လှနေလား၊ ဟုတ်လား"

"တကယ်ပဲ လှနေပါတယ် စင်သီယာ"

"ယူ . . . တခြားကောင်မလေး ဘယ်နှယောက်ကော ဒီလိုပြောဖူးလဲ"

"မပြောဖူးပါဘူး စင်သီယာ၊ ပြောစရာလည်း တွေ့တော့မှာ မဟုတ်ပါဘူး"

"ဘာပြုလို့"

"နတ်ရှင်နောင်ဆိုတဲ့ ကဗျာစာဆိုကြီးက စပ်ဖူးတယ်၊ တူခန့်ဘက်ပြိုင်၊ စံသာတိုင်သာ၊ ခြောက်ဆိုင်မြင့်ခန်း၊ လှတဝန်းဝယ်၊ တောင်စွန်းညာဖျား၊ ထွတ်တင်ထားနှင့်၊ နှစ်ပါးနှိုင်းရှည်၊ နှုန်းလာလှည့်လည်း၊ ဖြိုးပြည့်လျှံ၊ ကြယ်နှယ်ရံလိမ့် . . . တဲ့"

စင်သီယာက မျက်မှောင်လေးကြုတ်ပြီး ညည်းညည်းညူညူဆို၏။

"ယူ့ကဗျာတွေကို စင်သီယာ နားမလည်ဘူး"

"ကိုယ်ရှင်းပြပါ့မယ်၊ နတ်ရှင်နောင်က ဆိုတယ်၊ တစ်လောကလုံးမှာ သူ့ချစ်သူ အလှဆုံးပါတဲ့၊ တခြားဘယ်သူကမှ မမီပါဘူးတဲ့၊ လူချင်းမပြောနဲ့၊ နတ်ပြည်ခြောက်ထပ်က နတ်မိဖုရားတွေ လာပြိုင်တာတောင်မှ လမင်းကြီးကို လာပြိုင်တဲ့ ကြယ်လေးတွေသာ ဖြစ်သွားမယ်တဲ့"

> “တစ်လောကလုံးမှာ သူ့ချစ်သူအလှဆုံးပါတဲ့၊ တခြားဘယ်သူကမှ မမီပါဘူးတဲ့၊ လူချင်းမပြောနဲ့၊ နတ်ပြည်ခြောက်ထပ်က နတ်မိဖုရားတွေ လာပြိုင်တာတောင်မှ လမင်းကြီးကို လာပြိုင်တဲ့ ကြယ်လေးတွေသာ ဖြစ်သွားမယ်တဲ့”

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ ကိုယ်ကလည်း လမင်းကြီးကိုမြင်ဖူးတော့ ကြယ်လေးတွေကို လှတယ်လို့ မပြောတော့ဘူး"

စင်သီယာက မျက်စောင်းလေး ထိုးပြန်သည်။

"ကိုပိုကြီး . . . သိပ်ပိုတဲ့ ကိုပိုကြီး၊ ဟင်း . . . ဒါနဲ့ ဘယ်မှာလဲ၊ စင်သီယာ့အတွက် နာမည်"

စင်သီယာက ယခု ပုသိမ်တွင် ဗရင်ဂျီကျောင်းဟု ခေါ်ကြသော စိန့်ဂျိုးဆက်ဖ် ကွန်ဗင့်၌ တက်နေသည်။ ယခုနှစ်ရှစ်တန်း၊ နောက်နှစ်တွင် ကိုးတန်းရောက်ပြီး အစိုးရစစ်စာမေးပွဲဖြေရတော့မည်။ အစိုးရစစ်မဖြေမီ မြန်မာနာမည် တစ်ခုလိုချင်သည်။ ရိုးရိုးနာမည်မဟုတ် လှလှပပ နာမည်တစ်ခု။

"ကိုယ်ရွေးထားပြီးပါပြီ၊ ဒါကြောင့်လည်းအခုလာစောင့်နေတာပေါ့"

"ဒါဖြင့် ပြောလေ၊ ဝွက်ထော်တို့၊ ဘုတ်ဆုံတို့တော့ မလုပ်နဲ့နော် . . . ဒါပဲ"

"မလုပ်ပါဘူး စင်သီယာရယ် . . . ကိုယ် ကောင်းကောင်းရွေးထားတယ်၊ ကိုယ်လေ တစ်ပတ်တောင် စဉ်းစားထားရတာ"

"အံမယ်လေး ဆိုလိုက်တဲ့စာ၊ ပြောပါ မြန်မြန်ပြောပါ"

"ကဲ . . . နားထောင်၊ သီတာလွင်တဲ့"

"ပြန်ပြောဦး"

"သီတာလွင်တဲ့၊ နေဦး ကိုယ်ကဗျာလေးတောင် စပ်ထားသေးတယ်"

"ကဗျာလေးတောင် စပ်ထားသေးတယ်၊ ဆိုပြ"

"ရင်မှသော်တာ၊ လစန္ဒာမို့၊ သီတာလွင်လွင်၊ လှထွတ်တင်ကို၊ သဇင်တန္ထုန်း၊ အင်ဂမုန်းသို့၊ နောင့်ဘုန်းသည်းအူ၊မှတ်၍ယူသည်၊ ကြည်ဖြူနောင့်သက် ခိုင်မျှတည်း"

စင်သီယာက ရယ်ပြန်၏။

"အဲဒါလည်း နားမလည်ပြန်ဘူး"

"သီတာလွင်ဆိုတဲ့ နာမည်ကို ကြိုက်ရဲ့လား"

"အင်း . . . ကြိုက်တယ်၊ လှတယ်၊ ယူ ဘာလို့ အဲဒီလို ရွေးပေးတာလဲ"

"စင်သီယာ့ကို ဆီလျော်အောင် ဘာသာပြန်ရတာလေ၊ စန္ဒာတို့၊ သော်တာတို့လည်း ရတာပါပဲ၊ဒါပေမယ့် မယ်သီလတွေမှာလည်း ဒီနာမည်မျိုးရှိတယ်၊ သီတာဆိုတာက အေးတဲ့ဓာတ်မှန်သမျှကို ခေါ်တာ၊ လမင်းကိုလည်း သီတဂူလို့ခေါ်ကြတယ်၊ ပြီးတော့ သီတာဆိုတာက ရှေးက အင်မတန်လှတဲ့ မင်းသမီးလေးနာမည်၊ သီရိနတ်သမီး၊ ဥမ္မာနတ်သမီးတွေကိုလည်း သီတာလို့ပဲ ခေါ်ကြတယ်၊ လနတ်သမီးကို စင်သီယာ၊ ဒိုင်ယင်နယ်၊ အာတမစ်(စ်) အမျိုးမျိုး ခေါ်သလိုပေါ့၊

လွင်ဆိုတာကတော့ စင်သီယာ့အဖေနာမည် ပါအောင်ပါ "

စင်သီယာက ပြုံး၏။

"စင်သီယာတို့၊ ဒိုင်ယင်နယ်တို့၊ အာတမစ်(စ်) တို့ကိုကော ယူ ဘယ်လိုလုပ်သိသလဲ"

"ကိုယ်တို့ကျောင်းမှာလည်း အုဒ် တူ ဒိုင်ယူနယ် (လနတ် သမီးဘွဲ့) ကဗျာကို သင်ရပါတယ်"

"ဟုတ်ပါရဲ့၊ ယူတို့ ပုသိမ် အစိုးရဟိုက်စကူးကလည်း စာသိပ်မြင့်တယ် ပြောတယ်၊ ဟုတ်လား"

"ပြောကြတာပဲ . . . ပုသိမ်ရယ်၊ ရန်ကုန်ရယ်၊ ပြည်ရယ်၊ စစ်ကိုင်းရယ်၊ အဲဒီ ဟိုက်စကူးတွေက အထူးဟိုက်စကူးတွေတဲ့၊ ဟက်ဒ်မာစတာ အုပ်ချုပ်တာမဟုတ်ဘူး၊ ပရင်စစ်ပယ်လ် အုပ်ချုပ်တာ"

"ဒါတောင် ယူ အတန်းထဲမှာအမြဲတမ်း ပထမရတယ်နော်"

"စင်သီယာ ဘယ်လိုလုပ်သိသလဲ"

"နယ်ပိုင်ဝန်ထောက်သား အေးကိုက ပြောပြတာ၊ ယူနဲ့ ရှစ်တန်းမှာ တစ်တန်းတည်းဆို"

"အေးကိုက ကိုယ့်အချစ်ဆုံး သူငယ်ချင်းပဲဟာ"

"သူကပြောတယ် ယူက စာလည်းတော်တယ်၊ ကဗျာလည်း စပ်တတ်တော့ ကောင်မလေးတွေက သိပ်ကြိုက်ကြတယ်ဆို၊ ယူ ဖိုးစွံပေါ့"

"တောက်တီးတောက်တဲ့ စင်သီယာရယ်၊ ကိုယ့်လိုပထွေးနဲ့ကိုယ့်ပိုက်ဆံကိုယ်ရှာ ကျောင်းတက်နေရတဲ့ကောင်ကို ကောင်မလေးတွေက ကြိုက်ပါ့မလား"

**(ဆက်လက်ဖော်ပြပါမည်)**


**Inno Tech Automation Co.,Ltd.**
**Room(401), Condo(C), Kabaraye Villa, Manyangone Township.**
**Ph:0973220670, 09421156547**

**ဝန်ထမ်းအလိုရှိသည်**
**ပြည်တွင်း၌သာခန့်ထားရန်**

၁။ Junior Accountant — မ (၂) ဦး
- အသက် (၂၅)နှစ်အောက်
- Any Graduate
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။

၂။ Junior Engineer — ကျား/မ (၃) ဦး
- အသက် (၃၀)နှစ်အောက်
- BE (သို့) B Tech, AGTI (E.P, E.C, Mechatronic) ရရှိထားသူ ဖြစ်ရမည်။ Mechanical major များ လျှောက်ထားရန်မလိုပါ။
- လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ (၃)ပုံနှင့် ပြည့်စုံသော ကိုယ်ရေးရာဇဝင် CV နှင့်တကွ မှတ်ပုံတင်/အိမ်ထောင်စုစာရင်း/အလုပ်သမားမှတ်ပုံတင်(မိတ္တူ)နှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၂)ပတ်အတွင်း ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။



**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ ဆွေးနွေးပွဲဖိတ်ကြားလွှာ**

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေမူကြမ်းနှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေး အကြံပြုနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်ပါ၍ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းဝင်အားလုံး တက်ရောက်ဆွေးနွေး အကြံပြုကြပါရန် ဖိတ်ကြားအပ်ပါသည်။

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း

ဆွေးနွေးပွဲအစီအစဉ်

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | ၁၂-၃-၂၀၁၃ (အင်္ဂါနေ့) |
| ကျင်းပမည့်အချိန် | – | နေ့လယ် (၁း၀၀) နာရီမှ (၃း၀၀) နာရီအထိ |
| ကျင်းပမည့်နေရာ | – | ၁၃၃၊ မဟာဗန္ဓုလပန်းခြံလမ်း၊ Orchid Hotel City Hall (ယခင် City Star Hotel) |

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးငွေစိုးယဉ်(ငြိမ်း)-ဒေါ်ချိုဦးလွင် (Head of Marketing, THAI SAMSUNG ELECTRONICS Co., Ltd.)တို့၏ မိခင်ကြီး ဒေါ်စန်းစန်းရီ အသက်(၇၃)နှစ်သည် ၂-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**Myanmar Hand in Hand Marketing Services Co., Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

မအယ်နာမာရီသီရိတင် (TEPM/PLC)၏ဖခင် ဦးအုန်းမြင့်(ခ) အဲလစ် ဇန္ဒားပီတာမာတင်သည် ၆-၃-၂၀၁၃ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**TOTAL MYANMAR PiPe Line Centre မှဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဆွေတင်(ခရမ်း)
## အသက်(၅၈)နှစ်

**B.Econ (Eco) (1974-78) ရန်ကုန်စီးပွားရေးတက္ကသိုလ်**

သူငယ်ချင်း ကိုဆွေတင်သည် ၆-၃-၂၀၁၃ ရက် ည ၇း၄၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေဘိုဆောင်မှ ချစ်သူငယ်ချင်းများ(၁၉၇၄-၇၈)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသက်နိုင်ကျော်(ခ)ဦးတိုနီ

**B.Com**

ကုက္ကိုင်းရေကူးအသင်း၏ အတွင်းရေးမှူး ဦးချိုမောင်- Dr. ကြည်ကြည်ဝေတို့၏အစ်ကို ဦးသက်နိုင်ကျော်(ခ)ဦးတိုနီသည် ၈-၃-၂၀၁၃ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုက္ကိုင်းရေကူးအသင်း**

## အထူးကျေးဇူးတင်ရှိခြင်း

၁-၃-၂၀၁၃ ရက်တွင် မိတ္ထီလာမြို့၌ ကွယ်လွန်ခဲ့သော ဒေါ်မြတ်သန္တာ၏ ခင်ပွန်း ဦးကျော်ဆွေ(ဘပေါက်) ပေါက်မြို့ အသက်(၅၂)နှစ်၏ နာရေးကိစ္စအဝဝကို ဝိုင်းဝန်းကူညီပေးခဲ့ကြသော ရေနံချောင်းမြို့ အလက(၄)မှ ဆရာ၊ ဆရာမများ၊ မိတ္ထီလာမြို့ စက်မှုဇုန်မှ မိတ်ဆွေအပေါင်းအသင်းများ၊ ပေါက်မြို့မှ မိတ်ဆွေအပေါင်းအသင်းများနှင့် ဆွေမျိုးမိတ်သဂ်ဟအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး**
## ဒေါ်လှကြိုင်(မုံရွာ)
## အသက်(၈၇)နှစ်

မုံရွာမြို့၊ သလ္လာမြို့သစ်၊ (၂၅)လမ်းနေ [ဦးသန်းမောင် (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း-ငြိမ်း)]၏ဇနီး၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းသောင်း (ယမုံနာစတိုး၊ မုံရွာ)၊ ဒေါက်တာခင်မောင်သန်း-ဒေါ်ဝင်းဝင်းသောင်း(တောင်ကြီးမြို့)၊ ဒေါ်နီနီထွေး (မုံရွာပညာရေးကောလိပ်)၊ ဦးခင်မောင်ဆန်း- ဒေါ်နွယ်သွေးရည် (ချင်းတွင်း ငွေဇင်ယော်ကုမ္ပဏီ)တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်လှကြိုင်သည် ၉-၃-၂၀၁၃ (စနေနေ့) နံနက် ၁၀း၁၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် မြနန္ဒာသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမ**
## ဒေါ်လုံး (၅၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ်(၂၄)၊ ဗဟိုလမ်း၊ သမ္မတရုံး(မော်တော်ယာဉ်ဝင်း)နေ (ဦးသန်းမောင်)-ဒေါ်ပိန်သေးတို့၏သမီး၊ ဦးဝင်းရှိန် (သမ္မတရုံး၊ မော်တော်ယာဉ်ဌာန)၏ဇနီး၊ (ဦးသိန်းမောင်)-ဒေါ်သန်းသန်းချစ်တို့၏ ညီမ၊ ဦးတင်ဆင့်-ဒေါ်ညွန့်၊ ဒေါ်သန်းသန်းနု၊ ဦးချစ်တင်တို့၏အစ်မ၊ မောင်စိုးမိုးနိုင် (ထွေ/အုပ်)၊ မလွင်လွင်နိုင်(လျှပ်စစ်စွမ်းအား)၊ မောင်ထက်ကိုကိုတို့၏ မွေးသမိခင် ကျေးဇူးရှင်သည် ၈-၃-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မီးလောင်မှုလျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
(ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။
(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
(င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်း မခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။
(ဆ) လူနေအိမ်ခြေနှင့် ကပ်လျက်ကောက်ရိုးပုံ၊ ပြောင်းပုံများ စုမထားပါနှင့်။
(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်း မမွေးပါနှင့်။
(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်းမလုပ်ပါနှင့်။
(ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်း မပြုလုပ်ပါနှင့်။
(ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများကို လုံလောက်စွာထားရှိပါ။
(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက်အပေါ့စား မီးသတ်စက်များ၊ မီးသတ်ကန် များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။ **မီးသတ်ဦးစီးဌာန။**

## အနိစ္စ

## ဦးရိုးတင့် (၈၈)နှစ်
**တွင်းစားရိုး**
**ရေနံချောင်း**
**အထက(၂)**
**ပထမကျောင်းအုပ်ကြီး-ငြိမ်း**

ရေနံချောင်းမြို့နေ (ရေနံတွင်းစားရိုး ဦးရိုးကွန့်-ရေနံတွင်းစားရိုး ဒေါ်ခင်မကြီး)တို့၏သားကြီး၊ (အရေးပိုင်ရေနံတွင်းစား ဦးဘသင်း-ရေနံတွင်းစားဒေါ်မမကြီး)တို့၏ သားသမက်၊ (ရေနံတွင်းစား ဒေါ်ခင်နွဲ့လှိုင်)၏ခင်ပွန်း ဆရာကြီး ဦးရိုးတင့်သည် ၈-၃-၂၀၁၃ရက် နံနက် ၁၁း၂၀နာရီတွင် အမှတ် (၆၀/၁၂)၊ ဘုရင့်နောင် (၃)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းနှင့် တပည့်ဟောင်းများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ရေနံချောင်း အထက(၂)
ကျောင်းသား/သူဟောင်းများ

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဆရာမကြီးဒေါ်ဟန်အေး
## အသက်(၇၂)နှစ်
**ပါမောက္ခ(ငြိမ်း)ပညာရေးတက္ကသိုလ်**

အမှတ်(၆၀)၊ ဗားကရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဒေါက်တာဘမောင်-ဒေါ်သုံး)တို့၏သမီး၊ (Victor)၊ ဦးတင်ထွန်းမောင်-ဒေါ်မြသန်း၊ (Leslie)၊ (ဦးဂျိဘမောင်)-ဒေါ်ခင်ခင်စိန်၊ ဒေါ်တင်အေး၊ Ron nie တို့၏ညီမ၊ Robert၊ (ဦးကင်မောင်အေး)- ဒေါ်မေလေးဆွေ တို့၏အစ်မ၊ တူ/တူမ ၁၄ ယောက်တို့၏အဒေါ် ဒေါ်ဟန်အေးသည် ၉-၃-၂၀၁၃ရက် နံနက် ၂နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၃-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်အောင် (၆၃)နှစ်
**(ကြည့်မြင်တိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ်(၁၁)နေ (ဦးစံဖြိုး-ဒေါ်ခင်စိန်)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်အုန်းချစ်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ (မခင်စိုးစိုးအောင်)၊ မအေးအေးအောင် (Golden Tha Zin)၊ မောင်ကျော်ဇောအောင်(မြန်မာ့စက်မှုဆိပ်ကမ်း)-မအိအိငွေးတို့၏မွေးသဖခင်၊ မယွန်းယမုံကျော်ဇော၏ အဘိုးသည် ၉-၃-၂၀၁၃(စနေနေ့) နံနက် ၀၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃(တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## မိုဟာမက်အီဗရာဟင်(ခ)
## ကိုလှဝင်း(ခ)ကိုဘာဘူ
## အသက်(၅၆)နှစ်
**ကားအကျိုးဆောင်**

ရန်ကုန်မြို့၊ အမှတ် (၆၀/၆၂)၊ (၅၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးခင်မောင်ဝင်း-ဒေါ်ရင်မေ)တို့၏ တတိယသား၊ (ဦးဘဝင်း-ဒေါ်အမာ)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း(ခ) ဘီလကစ်၏ချစ်ခင်ပွန်း၊ ကိုမြတ်လင်းဦး-မမိုမိုထွန်း(ခေတ္တ-ဂျာမနီ)၊ ကိုမြတ်မင်းထွေး(ခေတ္တ-UK)တို့၏ဖခင်သည် ၉-၃-၂၀၁၃ရက် နံနက် ၂း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇိုဟိုရ်အပြီး ရေဝေးဥယျာဉ်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးကြီးသန်းလှ(စစ်သံမှူး-ငြိမ်း)
## (ကြည်း-၆၉၅၁) (OTS 12 Course)
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃/ဃ)၊ သစ္စာလမ်း၊ သုခဝတီ (၆)ရပ်ကွက်နေ (ဦးဘအင်-ဒေါ်လေးမေ)တို့၏သား၊ (ဦးညဏ်-ဒေါ်မူလေး)တို့၏သားသမက်၊ (ဒေါ်စောရီ)၏တူ၊ ပါမောက္ခဒေါ်တင်ရီ(ဌာနမှူး-ငြိမ်း၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ခင်ပွန်း၊ ဦးရွှေကြည်-ဒေါ်တင်ရီ၊ ဦးစိုးမြင့်-ဒေါ်သောင်း၊ ဦးစိုးညွန့်-ဒေါ်အုန်းမြင့်တို့၏အစ်ကိုကြီး၊ (ဦးစဝ်ဝင်းရွှေ)-ဒေါ်တင်ကြည်တို့၏မောင်၊ ဦးဘစိန်-(ဒေါ်ခင်စိန်အေး)၊ (ဦးတင့်ဝေ)-ဒေါ်ခင်မြင့်ထွေး၊ ဦးမျိုးတင့်-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်သောင်း၊ ဦးမောင်မောင်ဝင်းတို့၏အစ်ကို၊ အမေရိကန်နိုင်ငံ New York မြို့နေ ဆရာဝန်ကြီး Dr. ဦးညီညီသန်း-ဒေါ်ဝါဝါသန်းတို့၏မွေးသဖခင်၊ ဦးမျိုးမြင့်သန်း-ဒေါ်ခင်နွယ်ဦး၊ ဒေါ်ခင်ဥမ္မာ၊ ဒေါ်ခင်မြသွေး၊ ဦးစိုးသိန်း-ဒေါ်ခင်ခင်လေး၊ ဦးကိုကိုနိုင်-မမာလာအေး၊ ဦးကိုကိုအောင်-မဥမ္မာကြိုင်၊ Mr. Carl Thomas- May Thomas၊ စိုင်းကိုကို-နန်းလှဝင်း၊ ကိုသားပု၊ ဦးဇော်မိုး၊ ဦးကျော်စွာ၊ Dr. ဒေါ်စန်းငွေဥ၊ ဦးမင်းသူရိန်၊ ဒေါ်သီသီထက်၊ ဦးစိုးသက်မောင်-ဒေါ်နုနုအိ၊ ဦးမင်းသိုက်တို့၏ ဘဘကြီး၊ အိမ့်မျက်ချယ်သန်း၊ သက်လှယ်သန်းတို့၏ဘိုးဘိုးသည် ၈-၃-၂၀၁၃ (သောကြာနေ့) ညနေ ၃း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး**
## ဒေါ်ခင်လှ (၈၃)နှစ်
**(ချောင်းဆုံမြို့၊ မူနိုင်းရွာ)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၂၁၄)၊ (ဒု)ထပ်(ဝဲ)ခန်းနေ (ဦးကျော်လှိုင်-ဒေါ်အုန်းငွေ)တို့၏သမီး၊ (ဦးစံရွှေ)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်(လေ)(ငြိမ်း)၊ AIR KBZ LTD- ဒေါ်ခင်အေးမြင့်၊ ဦးစန်းမြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး၊ ကပရ)-ဒေါ်ခင်မြဝင်း(လ/ထ ညွှန်မှူး-ငြိမ်း၊ ထွေ/အုပ်)၊ (ဦးမင်းစိုး)၊ ဒေါက်တာတင်ဖြူဝင်း၊ ဒေါ်အေးအေးမော် (ကထိက၊ အင်္ဂလိပ်စာဌာန၊ တောင်ငူတက္ကသိုလ်)၊ (ဗိုလ်မှူးသောင်းနိုင်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဗိုလ်ကြီးကျော်ထက်လင်း၊ မောင်မြတ်ထွဋ်လင်း (ခေတ္တ-ဖိလစ်ပိုင်)၊ ဒေါက်တာ ကောင်းမြတ်၊ မောင်ဘုန်းပြည့်ကျော် (ဆေးတက္ကသိုလ်-၁)တို့၏အဘွား ဒေါ်ခင်လှသည် ၉-၃-၂၀၁၃ (စနေနေ့) နံနက် ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၃ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စု အသက်(၈၀)
**ရွှေပေါက်ကံမြို့သစ်**

မုဒုံမြို့၊ ဘိုတဲရပ်နေ (ဦးစံအေး)-ဒေါ်မအုံတို့၏ သမီးချွေးမ၊ (ဦးဘပု-ဒေါ်ငွေဇင်)တို့၏သမီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် (၈၄၃)၊ ဘိုးရာဇာလမ်းသွယ်(၂)၊ (၁၄)ရပ်ကွက်နေ [ဦးအေးသိန်း(ကကငွေ)]၏ဇနီး၊ ဦးထွန်းထွန်း (SGS Myanmar Ltd.)-ဒေါ်တင်တင်ဆွေ၊ ဦးဆန်နီ-ဒေါ်နော်ဆာရာဖီး (ကကငွေ)၊ ဦးမော်မော်မင်း-ဒေါ်သက်သက်ထွန်း၊ ဦးနိုင်နိုင်အောင်- ဒေါ်ခင်မျိုးလှ (အထက-၄၊ ဗိုလ်တထောင်)၊ ဦးကျော်ကျော်စိုး၊ ဦးဇော်ဇော်မိုးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား ဒေါ်ခင်စုသည် ၈-၃-၂၀၁၃(သောကြာနေ့) နံနက် ၃း၄၇နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းအလှူ့ဒါယကာ**
## ဦးသောင်းညွှန့် (၆၄)နှစ်
**တရားလွှတ်တော်ရှေ့နေ**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမာလာ(၅)လမ်း၊ အမှတ် (၃၃၂/ခ)နေ ဒေါ်စန်းယုမေ၏ခင်ပွန်း၊ ဦးမြင့်စိုးငွေး-ဒေါ်စန်းညွှန့်ဝေ၊ ဦးကျော်မိုး-ဒေါ်စန်းညွှန့်လွင်၊ (ဦးထွန်းမြင့်ထွန်း-ဒေါ်သီတာစန်းညွှန့်)၊ ကိုသီဟစည်သူ-မသူသူ၊ ကိုကျော်နန္ဒဝင်း-မနှင်းယုဝေတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးသောင်းညွှန့်သည် ၆-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) ည ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၃(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**စလင်းမြို့နယ်အသင်း(ရန်ကုန်)**
## ဦးရိုးတင့် (၈၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင် (၃)လမ်း၊ အမှတ် (၆၀/၁၂)နေ အသင်းဝင်နှင့် သက်ကြီးကန်တော့ခံ ဦးရိုးတင့်သည် ၈-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

**ဘုရားကျောင်းရေတွင်းဒါယိကာမကြီး**
## ဒေါ်ကြွယ် (၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗညားဦး (၂)လမ်း၊ အိမ်အမှတ်(၃၄၈)၊ အမှတ်(၅၆)၊ ဩဘာလမ်း၊ လေးလွှာနေ ဦးကျော်စိန်-ဒေါ်စိန်ရင်တို့၏သမီး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ကြည်ကြည်မြင့်(အမက၊ ၆-တာမွေ)၊ ဒေါ်ရီရီမြင့်၊ ဦးထွန်းထွန်းဦး (ခေတ္တ-စင်ကာပူ)၊ ဒေါ်အေးအေးရီ (ဖြည့်တင်းရေး-ပြည်တွင်း၊ ဆည်မြောင်း)-ဦးမြင့်သန်းထွန်း၊ ဦးသက်နိုင်-ဒေါ်မေမြတ်သူ(အထက-၂ ဒဂုံမြောက်)တို့၏မိခင်၊ ဦးကြင်၏ဇနီး၊ မဖူးပွင့်ပြည့်စုံ၊ မကြော့မှူးခင်၊ မောင်ပြေညီသစ်တို့၏ အဘွား ဒေါ်ကြွယ်သည် ၈-၃-၂၀၁၃ ည ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသက်နိုင်ကျော်(ခ)ဦးတိုနီ
**(B.Com)**
## အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သာယာဝတီလမ်းသွယ်နေ (ဦးမြစ်ကျော်-ဒေါ်သောင်း)တို့၏သား၊ ဒေါ်ဒေါ်သန်း၏တူ၊ ဦးသန်းထွန်းအောင်-ဒေါ်တင်တင်နွယ်၊ ဒေါ်အေးအေးလှ၊ ဒေါ်ညွန့်ညွန့်တင်၊ ဒေါ်ကြူကြူမေတို့၏မောင်၊ ဦးချိုမောင်- Dr. ကြည်ကြည်ဝေတို့၏ အစ်ကို၊ Dr. ခိုင်အောင်ထွန်း-မနန်းနွမ်ဆိုင်၊ ဟိန်းထက်ဇော်၊ ထက်သုတလင်းတို့၏ ဦးလေးသည် ၈-၃-၂၀၁၃ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၃ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၁၅-A)၊ ဝွတ္တလစ်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)**
## ဦးခင်မောင်သန်း(ခ)ညီညီ
## အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၈)လမ်း၊ အမှတ် (၉၄၈)နေ မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဦးခင်မောင်သန်း(ခ)ညီညီ (ခ/၆၃) သည် ၈-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

## ဦးရိုးတင့် (၈၈)နှစ်
**(မော်ကွန်းထိန်း-၁၊ ငြိမ်း၊ ပညာရေးတက္ကသိုလ်)**
**(ရေနံချောင်း၊ စလင်း၊ စလေ)**

ရေနံချောင်းမြို့နေ (ရေနံတွင်းစားရိုး ဦးရိုးကွန့်-ရေနံတွင်းစားရိုး ဒေါ်ခင်မကြီး)တို့၏သားကြီး၊ (အရေးပိုင်ရေနံတွင်းစား ဦးဘသင်း- ရေနံတွင်းစား ဒေါ်မမကြီး)တို့၏သားသမက်၊ (ရေနံတွင်းစား ဒေါ်ခင်နွဲ့လှိုင်)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးရိုးမောင်သင်း)-ဒေါ်လှမြစ်ကြွယ်၊ ဒေါ်ခင်ဆွေလှိုင် (SAT, TTC)၊ ဦးဖေသန်းနိုင်၊ ဒေါက်တာသင်းငွေအေးတို့၏ဖခင်၊ မောင်ရိုးအောင်လတ်၊ မောင်လွင်မြင့်မောင်တို့၏အဘိုး၊ ဒေါ်ခင်ရိုးမြင့်-(ဦးလှိုင်ဟုတ်)တို့၏မောင်၊ (ဦးခင်မြင့်မောင်)-ဒေါ်ခင်မကြီး၊ (ဦးခင်မောင်စိုး-ဒေါ်ခင်ထားကြွယ်)၊ ဒေါ်ခင်စိုးမိ-(ဗိုလ်ကြီးအောင်မင်း)၊ ဒေါ်ခင်နွယ်နွယ်၊ (ဒေါ်ခင်မေကြည်)၊ (ဦးခင်ကြည်မောင်)၊ (ဒေါ်သင်းသင်းအေး)တို့၏ အစ်ကိုကြီးသည် ၈-၃-၂၀၁၃ရက် နံနက် ၁၁း၂၀နာရီတွင် အမှတ်(၆၀/၁၂)၊ ဘုရင့်နောင်(၃)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဒေါ်မိုင်ကျင်စိန် (၇၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၀)ရပ်ကွက်၊ သခင်ဗစိန်လမ်း၊ အမှတ် (၃၁)နေ ဦးဆလိုင်းလှမြင့်(တပ်ကြပ်ကြီးစာရေး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မိုင်နှင်းရည်-ဦးကျော်ကျော်(တောင်တွင်းကြီးမြို့)၊ ဆလိုင်းထွန်းထွန်း-မိုင်သဇင်ဝါအောင်(စင်ကာပူ)၊ ဆလိုင်းသက်ထွန်း၊ မိုင်နီလာမြင့်တို့၏မွေးသမိခင်၊ မြေးများဖြစ်သော ဒေါက်တာဆလိုင်းဇင်ဘိုကျော် (အရာထမ်းလောင်းအခြခံသင်တန်း၊ အမှတ်စဉ်-၃၇၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး)၊ မိုင်နှင်းပွင့်ကျော်(သူနာပြုပင်လုံဆေးရုံ)၊ ဆလိုင်းကောင်းထက်ထွန်း(စင်ကာပူ)တို့၏ ချစ်လှစွာသောအဘွားသည် ၄-၃-၂၀၁၃ရက် နံနက် ၂း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်မြို့ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ (လိုက်ပါပို့ဆောင်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။) ကျန်ရစ်သူမိသားစု

**ဇလွန်မြို့နယ်အသင်း**
## ဒေါ်ခင်ခင် (၈၆)နှစ်
**(ကမ်းနားဈေး၊ ကြည့်မြင်တိုင်)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင်အနောက်ရပ်ကွက်၊ အမှတ်(၄၈)၊ ဦးကြွယ်ဟိုးလမ်း(အောက်)နေ (ဦးဘအေး-ဒေါ်ကျင်စိန်)တို့၏ တစ်ဦးတည်းသောသမီး၊ [ဦးဖေသန်း (လက်ထောက် အထွေထွေမန်နေဂျာ၊ မော်ကွန်းဝင်ပထမဆင့်၊ ပြည်သူ့ဝန်ထမ်းကောင်း)]၏ ဇနီး၊ [ဦးအောင်သန်းလှိုင် (3rd Mate)]-ဒေါ်ညွန့်ညွန့်ဝေ (စည်ပင်/အခွန်-ငြိမ်း)၊ ဦးထွန်းခင် (Chief Engineer)-ဒေါ်သန်းသန်းနွယ် (လယ်စိုက်/ရှင်း-ငြိမ်း)၊ ဦးလှမင်း (BAY POINT SHIPPING)၊ ဦးဝင်းငွေး (ဒုရဲအုပ်၊ မော်လမြိုင်)-ဒေါ်နွဲ့နွဲ့အေး (မြို့တော်စည်ပင်-ငြိမ်း)၊ ဦးမြင့်အောင်-ဒေါ်သီသီစိုးတို့၏ မွေးသမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၈-၃-၂၀၁၃ (သောကြာနေ့) နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
## ဒုရဲမှူးသိမ်းကိုလေး(ရဲသူရိန်)
## (ငြိမ်း)ဖောင်ကြီး၊
**အပတ်စဉ်(၃)**
## အသက်(၇၀)

ကသာမြို့နေ (ဦးလှဘော်-ဒေါ်စိန်စိန်)တို့၏ တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမြမောင်-ဒေါ်အမာ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၆၀)၊ ခနသိဒ္ဓိလမ်း၊ ဖော့ကန်၊ အင်းစိန်မြို့နယ်နေ ဒေါ်စမ်းစမ်းဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဒုရဲမှူးစုဝင်းသိန်း(မူးယစ်ဗဟိုရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်)၊ မအိဝင်းသိန်း၊ မသဥ္ဇာဝင်းသိန်း၊ ကိုကျော်သီဟ(အောင်သိန်းသန်းကုမ္ပဏီ)၊ ဗိုလ်ကြီးမျိုးဝင်းထွန်း-မဇင်မာဝင်းသိန်း၊ ကိုသိမ်းဝင်းဆွေတို့၏ဖခင်၊ မဖူးသစ်ဝင်းထွန်းတို့၏ အဘိုးသည် ၈-၃-၂၀၁၃ (သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ဖော့ကန်၊ အင်းစိန်နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ငွေဝင်း
## အသက်(၇၆)နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ တာလေမြို့နယ်၊ မိုင်းလင်းကျေးရွာနေ (ဦးကျော်ဝင်း-ဒေါ်နုခင်)၊ ဦးနန်ထမ်းရှန်- (ဒေါ်နန်းပန်)တို့၏ သားသမက်၊ ဒေါ်နန်းခမ်းဖေ၏ခင်ပွန်း၊ ဦးကျော်ခင်ဝင်း- ဒေါ်ရှယ်ရိလ်ဝင်း၊ (ဦးမောင်ကြီး)-ဒေါ်ခင်ညွန့်၊ (ဦးစံသိန်း-ဒေါ်သန်းစိန်)၊ ဦးမောင်အေး-(ဒေါ်လှဝင်း)၊ ဦးလုံးတစ်-ဒေါ်ပန်အန်တစ်တို့၏ ညီ/မောင်၊ (ဦးသိန်းအေး)-ဒေါ်လီလီဒီး၊ ဒေါ်မြမြဝင်း၊ ဦးဆမ်နွဲ့-ဒေါ်နန်းကမ်၊ (ဦးဟိုက်မှုတ်)-ဒေါ်နန်းကောင်ခမ်း၊ ဦးစိုင်းကောင်-ဒေါ်နန်းမွှေး၊ ဦးစိုင်းလုံ-ဒေါ်နန်းဝိုးကျန်တို့၏အစ်ကို၊ ဦးဝင်းမော်-ဒေါ်နော်အေးမွန်း၊ ဦးစောအေးထွန်း-ဒေါ်နန်းခမ်းလျှန်း၊ ဦးစောအေးသန်း-ဒေါ်နန်းခမ်း၊ CHEN MIN SHENG-ဒေါ်နော်ဝင်းမာ၊ ဒေါ်နော်သီတာဝင်း (အထက်တန်းသူနာပြု၊ ရန်ကင်းကလေးဆေးရုံ)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၈-၃-၂၀၁၃ရက် နံနက် ၁၀း၂၀နာရီတွင် အမှတ်(၁၇၈)၊ ရတနာမဥ္ဇူလမ်း၊ (ဆ/က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းကျောင်းဒါယိကာမကြီး**
## ဒေါ်မြသိန်း (၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ပါးရိုက်သောင်တန်းကျေးရွာနေ (ဦးဘသိန်း-ဒေါ်ပန်လန်)တို့၏ သမီး၊ (ဦးလှစိန် -ဒေါ်မေရီ)တို့၏မွေးစားသမီး၊ ဒေါ်မြငြိမ်း၏ ညီမ၊ ဒေါ်တင်မိုးဆွေ၊ ဦးမောင်မြဝင်းတို့၏အစ်မ၊ ဒေါ်ခင်ရွှေ၏ အဒေါ်၊ ဦးကိုကိုအောင်-ဒေါ်ခင်ငွေငြိမ်း၊ ဦးကိုကိုသူ-ဒေါ်ခင်ခင်ရီ၊ မမျိုးမမဝင်းတို့၏ကျွေးသမိခင်၊ မောင်သက်ထွန်းအောင်-မယမင်းဦး၊ မောင်ဝိုင်းချစ်တို့၏အဘွား ဒေါ်မြသိန်းသည် ၈-၃-၂၀၁၃ (သောကြာနေ့) နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [တိုက်(၁၂၉)၊ အခန်း(၆)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

# လူနာများဘက်မှ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကုန်ကျစရိတ်နည်းပြီး နိုင်ငံတော်ဘက်မှ ကုန်ကျစရိတ်ပိုမိုကျခံပေးသွားရန် ဆောင်ရွက်နေ

နေပြည်တော် မတ် ၉

ကျန်းမာရေးဝန်ထမ်းများဖြစ်သည့် ဆရာဝန်များ၊ သူနာပြုများအနေဖြင့် မိမိအလုပ်ကို အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်ကြရန်နှင့် အရည်အသွေး တိုးတက်အောင် အစဉ်အမြဲ ကြိုးစားကြရန်လိုကြောင်း၊ လူနာများဘက်မှ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကုန်ကျစရိတ်နည်းပြီး နိုင်ငံတော်ဘက်မှ ကုန်ကျစရိတ်ပိုမိုကျခံပေးသွားရန် ဆောင်ရွက်နေကြောင်း၊ ငါးနှစ်အောက် ကလေးနှင့်မိခင်သေနှုန်းကျဆင်းရေးအတွက် နည်းလမ်းကောင်းများ ရှာဖွေ ဆောင်ရွက်လျက်ရှိကြောင်း၊ စံကိုက်ဖွဲ့စည်းပုံဖြစ်စေရန်အတွက် ဆေးရုံအဆင့် မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်ဖွင့်လှစ်ခြင်း၊ ဖွဲ့စည်းပုံ ပြင်ဆင်ခြင်း၊ အထူးကု ဌာနများတိုးချဲ့ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများ အနေဖြင့် စိတ်ကောင်းစေတနာကောင်းဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဆောင်ရွက်ပေးကြပါရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မတ် ၃ ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ စဝ်စံထွန်းဆေးရုံကြီးနှင့် အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတို့မှ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများအား တွေ့ဆုံရာတွင် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသန့်ညွန့်နှင့် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်မြင့်တို့က အမှာစကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက ဩဝါဒ စကားပြောကြားကာ ညနေပိုင်းတွင် ဆေးတက္ကသိုလ် (တောင်ကြီး) တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့ သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ည ၇ နာရီတွင် တောင်ကြီးမြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ကျင်းပသည့် ၂၀၁၃ ခုနှစ် ထူးချွန် အခြေခံကျန်းမာရေး ဝန်ထမ်းများနှင့် ထူးချွန်စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများ ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

၂၀၁၃ ခုနှစ် ထူးချွန်အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ထူးချွန်စေတနာ့ ဝန်ထမ်း ကျန်းမာရေးလုပ်သားများလေ့လာရေးခရီး ဖွင့်ပွဲအခမ်းအနားကို မတ် ၄ ရက် နံနက် ၈ နာရီခွဲတွင် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို စာမျက်နာ ၈ ၊ ၉ တွင် ဖော်ပြထားပါသည်။

## ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ အပို က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ ပါရှိပါသည်။

# ဂျာမနီနိုင်ငံမှ ထွက်ခွာလာသော ကမ္ဘာလှည့်ကားမောင်းခရီးသည်များ မြန်မာနိုင်ငံ မြဝတီမြို့မှ ဆက်လက်ထွက်ခွာ

နဒီမြင့်မိုရ် (မြဝတီ)

မြဝတီ မတ် ၉

ဂျာမနီနိုင်ငံမှ ထွက်ခွာလာသော ကမ္ဘာလှည့် ကားမောင်းခရီးသည်များ မြန်မာနိုင်ငံသို့ ရောက်ရှိလာရာ ကရင်ပြည်နယ် မြဝတီမြို့သို့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ချောမောစွာရောက်ရှိလာသည်။ မြဝတီသို့မရောက်ခင် ဒေါနတောင်လမ်းတစ်လျှောက်တွင် ယာဉ်ကြောကျပ်တည်း မှုကြောင့် အချိန် တစ်နာရီခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာလှည့်ကားမောင်းခရီးသည်များသည် ကျား ၂၉ ဦး၊ မ ၂၄ ဦး စုစုပေါင်း ၅၃ ဦးဖြစ်ပြီး ခရီးသည် အားလုံးမှာ အသက် (၆၀)အထက် အရွယ်များဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကမ္ဘာလှည့် ကားမောင်းခရီးသည် များသည် မြန်မာနိုင်ငံအတွင်း ဖြတ်သန်းမောင်းနှင် လာခဲ့ပြီးနောက် မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားပေါ်မှ ပြန်လည်ထွက်ခွာသွားပြီးနောက် ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် တစ်ညအိပ်ရပ်နားကာ လာအိုနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များထဲမှ အီရန်နိုင်ငံသား တစ်ဦးမှာ စာမျက်နှာ ၇ ကော်လံ ၃ သို့❖





ရောဝတီမြစ်ကြောင်းရှိ အင်းဝတံတားကြီးမှ ဆင်ကျုံးခံတပ်အနီးအထိ သဲသောင်ကြီးများ ဖြစ်ထွန်းနေစဉ်။

# စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ရေ ရေနက်သတိပေးမှတ်အောက် ကျဆင်းနိုင်

စစ်ကိုင်း မတ် ၉

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မတ် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင်စစ်ကိုင်းမြို့အတွက် ဧရာဝတီ ရေနည်းသတိပေး မှတ်အောက်သို့ ရောက်ရှိနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်လိုက်သည်ဟု စစ်ကိုင်းခရိုင် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနရုံးမှ သိရသည်။ မတ် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ၁၈၃ စင်တီမီတာအထိ ကျဆင်းရောက်ရှိနေပြီး နောက်ငါးရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ စစ်ကိုင်းမြို့၏ ရေနက်သတိပေးမှတ် ရေစစ်မျဉ်း ၁၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်ဟု သိရသည်။ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ၁၉၇၀ ခုနှစ်က ရေနည်းသတိပေးမှတ် ၁၂၉ စင်တီမီတာအထိ အနိမ့်ဆုံးကျဆင်းခဲ့ဖူးပြီး ၂၀၁၂ ခုနှစ်က ရေနည်းမှတ် ၂၁၆ စင်တီမီတာသို့ ရောက်ရှိခဲ့သည်ဟု သိရသည်။ စစ်ကိုင်းခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာန၏ ၁၉၆၅ ခုနှစ်မှ စတင်တိုင်းထွာမှတ်သားချက်များအရ စစ်ကိုင်းမြို့နယ်၏ မိုးအများဆုံး နှစ်မှာ ၂၀၀၆ ခုနှစ်ဖြစ်ပြီး မိုးရေချိန်စုစုပေါင်း ၅၉ ဒသမ ၈၁ လက်မ ရွာသွန်းခဲ့ကြောင်း၊ မိုးအနည်းဆုံးနှစ်မှာ ၁၉၉၅ ခုနှစ် ဖြစ်ပြီး မိုးရေချိန်စုစုပေါင်း ၁၇ ဒသမ ၈၅ လက်မသာ ရွာသွန်းခဲ့ကြောင်း သိရသည်။ ယခင်နှစ်က စစ်ကိုင်းမြို့နယ်၏ တစ်နှစ်ပတ်လုံး

နန္ဒာမင်းလွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့✳


ယနေ့ မာတိကာ

ခြိမ့်ခြိမ့်သဲသဲ အလင်္ကာကျော်စွာ ကာတွန်း ဦးဘဂျမ်း ဂုဏ်ပြုပွဲ စာမျက်နှာ ➡ ၆

တက္ကသိုလ်များ စည်းစနစ်တကျ မောင်းနှင်ရေး မထသ(ပဟို)မှ ကွပ်ကဲတော့မည် စာမျက်နှာ ➡ ၁၀

ရီးယဲလ်မက်ဒရစ်က ရောင်းချရန် ဆန္ဒမရှိသော်လည်း အလွန်ဆိုကို ခေါ်ယူရန် လီဗာပူးစောင့်ကြည့်နေ စာမျက်နှာ ➡ ၁၃






HOT HOT SALE
CHERRY OO
7% Discount
10% Discount
5% Discount
20% Discount
40% Discount
50% Discount
30% Discount
15% Discount
နာရီ(၁)လုံး ဝယ်ယူခြင်းဖြင့် 5% မှ 50% Discount များပါဝင်သော
ခဲခြစ်ကံစမ်းမဲများကို ချက်ချင်းလက်ငင်း ခံစားကြပါစို့.....
HOTLINE : 01- 381751, 01- 375491, 02- 72992
ငွေကျပ် 100,000 နှင့်အထက် ဝယ်ယူသူများကို
5% Discount Coupon (၁)စောင် ထပ်မံ၍ လက်ဆောင်ပေးမည်။
From 11. 3. 2013 to 10. 4. 2013


PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
အရိုးအကြော၊ တင်ပါးဆုံဆစ် နှင့် ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသမှုအစီအစဉ်
အရိုးအကြော၊တင်ပါးဆုံဆစ်နှင့် ဒူး ဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသမှု (Hip & Knee Joint Replacement)နှင့်
Ilizarov နည်းပညာသစ်ဖြင့်အရိုးရှည်အောင်ခွဲစိတ်ကုသမှုတို့ကို မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးတို့ပူးပေါင်း၍
မတ်လ (၁၆) ရက် မှ (၁၈) ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁


နောက်ထပ်ကံထူးရှင်တွေထွက်ပေါ်လာပြီ...
ဆိုင်ကယ်ကံထူးရှင်များ
ရေခဲသေတ္တာကံထူးရှင်များ
32"LCD TV ကံထူးရှင်များ
Handset ကံထူးရှင်များ
ဆုမဲပေါက်သူများမှတ်ပုံတင်မူရင်းနှင့်တကွလာရောက်ထုတ်ယူပါရန်။
ရင်ခုန်ပျော်ရွှင်
CAR
တစ်ဒါဇင်
AROMA GUSTO
MIKKO
3 in 1
INSTANT COFFEEMIX
အခုဝယ် အခုပေါက်... အခုခြစ် အခုပေါက်...
ဆုမဲနောက်ဆုံးထုတ်ယူရမည့်ရက်
(၃၁.၅.၂၀၁၃)

## တော်ဝင်မိသားစုကုမ္ပဏီသည် နေရာကောင်းကောင်းတွင် အဆင့်မြင့်မြင့်နေထိုင်လိုသူများ အတွက် လှော်ကားတော်ဝင်အနီး အလုံလမ်းမကြီးပေါ်တွင် ပန်းသစ်ခွဲပြီးသော Orchid Condominium အိမ်ရာကို အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ထူးခြားစွာ ဆောင်ရွက်ပေးလိုက်ပါသည်။

- ရန်ကုန်မြို့၏ အချက်အချာကျပြီး ဆိတ်ငြိမ်ရပ်ကွက်တွင် တည်ရှိခြင်း။
- ယာဉ်ပိတ်ဆို့မှု ကင်းဝေးပြီး သွားလာလွယ်ကူသည့် နေရာတွင် တည်ရှိခြင်း။
- အလုံမြို့နယ် အ.ထ.က(၁/၂/၃/၄/၅/၆)ကျောင်းများ၊ Sakura ဆေးရုံ၊ အာရှတော်ဝင်ဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံ၊ ကလေးဆေးရုံ၊ အကယ်ဒမီဆေးရုံ စသည့်ဆေးရုံများ ၊ Shopping Centre များ၊ ဈေးများနှင့် နီးကပ်စွာတည်ရှိခြင်း။
- ဖွဲ့စည်းမှုကောင်းသော အခန်းများတွင် စိတ်ရောကိုယ်ပါ အပန်းဖြေနိုင်သော နေထိုင်မှုဘဝကို ခံစားရရှိနိုင်ခြင်း။
- စနစ်တကျဆောင်ရွက်ထားသော ရေပေးဝေမှုစနစ် ၊ မိလ္လာစနစ်၊ အမှိုက်နှင့် သန့်ရှင်းရေးစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးကာကွယ်ရေးစနစ် စသည်တို့ကို အဆင့်မြင့်မြင့် ဆောင်ရွက်ထားရှိခြင်း။
- လုံလောက်သော Car Parking ၊ အားကစားခန်းမ၊ ရေကူးကန်၊ Mini Market များကို ထည့်သွင်းတည်ဆောက်ထားခြင်း။
- (၂၄)နာရီ လျှပ်စစ်မီးရရှိရန်အတွက် Generator များအလုံအလောက်တပ်ဆင်၍ ခေတ်မီလျှပ်စစ်ကိရိယာများ အသုံးပြု၍ နည်းစနစ်မှန်ကန်စွာ တပ်ဆင်ထားခြင်း။
- အခန်းတွင်းကို ခေတ်မီစွာ အဆင့်မြင့် ပြင်ဆင်ပေးခြင်း။
- နောက်ဆုံးပေါ်မြန်နှုန်းမြင့်ဓာတ်လှေကား(၄)စင်း တပ်ဆင်ထားခြင်း။
- မည်သည့်ကုမ္ပဏီမှ ဆောင်ရွက်ပေး ဖူးခြင်းမရှိသည့် လုံခြုံရေး၊ သန့်ရှင်းရေး၊ မိလ္လာစနစ်၊ ဓာတ်လှေကားတို့အတွက် လျှပ်စစ်မီတာခအပါအဝင် ဝန်ဆောင်မှု စရိတ်များကို (၁၅)နှစ်တိုင်အောင် ကုမ္ပဏီမှစေတနာဖြင့် ကျခံဆောင်ရွက်ပေးခြင်း စသည့်အထူးကောင်းမွန်သော အကျိုးများရရှိနိုင်သည့် Condominium ကို(၁၂.၃.၂၀၁၃)နေ့တွင် စတင်ရောင်းချပေးတော့မည် ဖြစ်ပါကြောင်း သတင်းကောင်းပေးအပ်ပါသည်။

**လက်မလွှတ်သင့်သည့်**
**အခွင့်အရေး**
**ပထမဦးဆုံး ဝယ်ယူသည့်**
**အခန်း(၅၀)အား**
**ပရိဘောဂနှင့် အသုံးအဆောင်**
**ပစ္စည်းများကို**
**မေတ္တာလက်ဆောင်**
**ပေးအပ်သွားမည်ဖြစ်ပါသည်။**




**Orchid Condominium**

**အရှေ့ဥင်းစင်တာ**

တော်ဝင်စင်တာ ၊ တတိယထပ် ၊ အခန်း (၄၀၀၁) ၊အမှတ်(၄၅)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် ။